ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်၊ စနေနေ့ (16-2-2013) (၇၃၉၈)

○ ပညာရည်မြင့်မားရေးအတွက် လုပ်ဆောင်ရာတွင် မိမိနိုင်ငံ တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရ၊

○ အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ယင်း တက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးမှုများကို နမူနာယူကာ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်။

ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်

ဆရာ ဆရာမများအနေဖြင့် နေ့စဉ်ပြောင်းလဲတိုးတက်နေသည့် ပညာရပ်များကို လေ့လာသင်ယူနေရန်လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးရဲထွန်း၊ ဦးဇေယာသိန်းအောင်နှင့် ဦးစတီဖင်သာဘိတ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ ကလေးလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသခံတပ်နယ် အောင်ဇေယျရိပ်သာဧည့်ခန်းမသို့ ရောက်ရှိကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကလေးခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများအား ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ ထို့ပြင် နို့စားနွားများမွေးမြူခြင်းဖြင့် နို့နှင့် နို့ထွက်ပစ္စည်း ထုတ်ယူရရှိနိုင်သကဲ့သို့ ဇီဝဓာတ်ငွေ့ကိုလည်း ထုတ်ယူနိုင်သဖြင့် ဇီဝဓာတ်ငွေ့မှ စွမ်းအင်အဖြစ် ထုတ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဒေသတွင်း စံပြအဖြစ် စမ်းသပ်လုပ်ကိုင်သွားရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ကိုလည်း တစ်ပိုင်တစ်နိုင်မှသည်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးတက္ကသိုလ်၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ပညာကိုကြိုးစားသင်ယူရန် မှာကြားစဉ်။

(သတင်းစဉ်)

စစ်ကိုင်း ညောင်ပင်ရှည်ကျေးရွာတွင် ဂျုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဂျုံ(ဖြူ)များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(ဓါတ်ပုံ)** “ဟိုအရင်နှစ်တွေကတော့ ရာသီဥတုကောင်းတဲ့အချိန် မိုးကောင်းရင်စိုက်ပျိုးရပါတယ်။ အခုနောက်ပိုင်းနှစ်တွေမှာတော့ မိမိပိုင်လယ်မြေအတွင်း ရေတွင်းများတူး၍ အင်ဂျင်စက်နဲ့ရေတင်ပြီး စမ်းသပ်စိုက်ပျိုးထားတာ အောင်မြင်ပါတယ်။ ဒီနှစ်မှာတော့ ရေတွင်းတူး ကုန်ကျစရိတ်တွေနဲ့ စိုက်ပျိုးစရိတ်တွေ ကာမိမယ်ထင်ပါတယ်။ နောင်နှစ်တွေမှာ တော့ ဒီလိုပဲစိုက်ပျိုးသွားမယ်ဆိုရင် စိုက်ပျိုးတောင်သူများအနေနဲ့ အဆင်ပြေကြ မှာပါ၊ ဒီနှစ်ထွက်ရှိမယ့် သီးနှံတွေနဲ့လည်း ကာမိပါတယ်။ ဒီဂျုံ(ဖြူ) သက်တမ်း ကာလကတော့ သုံးလခွဲ လေးလလောက်ရှိပါတယ်။ ခုဆိုရင်တော်တော်များများ စိုက်ပျိုးလာကြတယ်။ တတ်နိုင်တဲ့သူတွေက ရေတွင်းတူးပြီး အနီးရှိ စိုက်ခင်း တောင်သူများကတော့ အဆင်ပြေသလို တွင်းပိုင်ရှင်များနှင့် ညှိနှိုင်းပြီး စိုက်ပျိုးကြပါတယ်” ဟု အဆိုပါကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောကြားခဲ့သည်။

(ခရိုင်ပြန်/ဆက်)

အတွေးအမြင်

ကြေးမုံစာတည်းရှေ့ထောင့် **၁၆-၂-၂၀၁၃၊ စနေနေ့**

လုပ်ခသည် စီးပွားရေး၏ အဓိကအချက်

ဖွံ့ဖြိုးပြီးနိုင်ငံကြီးတစ်နိုင်ငံရှိ စက်မှုလုပ်ငန်းရှင်ကြီးများအတွက် ဥပဒေသတစ်ရပ်ကို မှတ်သားဖူးသည်။ "ဖြစ်နိုင်သမျှ အမြင့်ဆုံးလုပ်ခပေး၍ ဖြစ်နိုင်သမျှ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဖြစ်နိုင်သမျှ ကုန်ပစ္စည်း အရည်အသွေးအကောင်းဆုံးကို ထုတ်လုပ်ရန်ဖြစ်သည်"ဟု ဖို့ဒ်ကားကုမ္ပဏီ တည်ထောင်သူ ဟင်နရီဖို့ဒ်က ဆိုထားသည်။

၎င်းအဆိုမှာ ၁၈ ရာစုခေတ်ကဖြစ်သည်။ ထိုအဆိုကို အလုပ်ရှင်များအားလုံးက နားလည်သဘောပေါက်လက်ခံကြသည်။ ထိုသို့နားလည်လက်ခံပြီး လုပ်ကိုင်ခဲ့ခြင်းကြောင့်လည်း ၂၀ ရာစုခေတ်တိုင် အောင်မြင်ထင်ရှားသည့် စီးပွားရေးလုပ်ငန်းကြီးများဖြစ်ခဲ့သည်။

ပြည်သူတို့အနေဖြင့် အလုပ်လုပ်ခြင်းဖြင့် မိမိတို့ဘဝရပ်တည်နိုင်အောင် ရှင်သန်လှုပ်ရှားနေရသည်။ လုပ်အားခသည် မိသားစုဘဝ အနိမ့်ဆုံး စားဝတ်နေရေးလုံလောက်မှုအဆင့်တော့ ရှိသင့်သည်။ လုပ်ငန်းရှင်အနေဖြင့်လည်း မိမိအကျိုးစီးပွားဖြစ်ထွန်းသလောက် အလုပ်သမားများအတွက် လုပ်ခလစာကို တိုးပေးနိုင်ရန် ကြံဆောင်သင့်သည်။

လုပ်ခလစာတိုးပေးခြင်းသည် အပြန်အလှန်အကျိုးစီးပွားဖြစ်၍ အလုပ်သမားများအတွက် အကျိုးဖြစ်ထွန်းသလို အလုပ်ရှင်အတွက်လည်း နစ်နာမည်မဟုတ်ချေ။ လက်ရှိတွင် မြန်မာနိုင်ငံ၏ ပြင်ပလုပ်ငန်းများတွင်လည်း အနည်းဆုံးလုပ်ခလစာ တိုးမြှင့်နိုင်ရေး၊ အလုပ်သမားအခွင့်အရေး၊ လူမှုဖူလုံရေးမှအစ ခံစားခွင့်ရရှိနိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိသည်ကို တွေ့ရသည်။

အထက်ပါမှတ်သားဖွယ်ရာများမှာ အလုပ်ရှင်၊ အလုပ်သမားအကျိုးစီးပွားအတွက် မှန်ကန်သောလုပ်ဆောင်မှုများပင်ဖြစ်သည်။ အလုပ်ရှင်အနေဖြင့် မိမိအကျိုးစီးပွားတစ်ခုတည်းကိုသာ ရှေ့တန်းတင်လွန်းပါက အလုပ်သမား နစ်နာပြီး ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းမည်မဟုတ်ချေ။

လက်ရှိတွင် ပြည်တွင်းအလုပ်သမားလုပ်ခမှာ နည်းလွန်းလှသည်ကို တွေ့နေရသေးသည်။ အမှန်တကယ်တွင် ပြည်တွင်းနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာအလုပ်သမားတို့၏ လုပ်ခလစာမှာ မကွာခြားလှပါ။ သို့သော် ပြည်တွင်း၌ အလုပ်အကိုင်ရှားပါးနေသေးမှု၊ တစ်ဖက်တွင် အလုပ်သမားလုပ်ခမှာ အနည်းငယ်ပိုမြင့်နေသေးမှုကြောင့် အန္တရာယ်များပြားလှသည့်ကြားမှ အနည်းငယ်ပိုရသော တစ်ဖက်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြခြင်း ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားအားလုံး၏ ထက်ဝက်ခန့်မှာ တစ်လလျှင် မြန်မာကျပ်ငွေ တစ်သိန်းခွဲခန့်မှ ကျပ်သုံးသိန်းကျော်ခန့်အထိ ရရှိကြသည်။ ထိုမျှငွေကြေးပမာဏကို ပြည်တွင်း၌မူ ကျွမ်းကျင်လုပ်သားများသာ ရရှိနိုင်ပြီး သာမန်အလုပ်သမားများအတွက်မူ ထို့ထက်နည်းပါးနေသေးသည်ကို တွေ့ရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တစ်စတစ်စ တိုးတက်ဝင်ရောက်လာမှုများကြောင့် လာမည့်ကာလများတွင် ပြည်တွင်းရှိ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ထိုအခါ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် မိခင်နိုင်ငံသို့ပြန်လည်ဝင်ရောက်ကာ အိုးမကွာအိမ်မကွာ လုပ်ကိုင်ကြတော့မည့်အရေးကို တစ်ဖက်နိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြိုတင်တွက်ဆနေကြပေလိမ့်မည်။ အလုပ်ရှင်များကလည်း အလုပ်သမားများအတွက် ထိုက်တန်သည့် လုပ်ခများကို ဖန်တီးပေးပြီး အလုပ်သမားများကလည်း ကြိုးပမ်းလုပ်ဆောင်ကြလျှင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအနာဂတ်မှာ မဝေးလှသည့် အချိန်ကာလတွင် ပိုမိုမြင့်မားတိုးတက်ကောင်းမွန်မည့် လက္ခဏာများဖြစ်လာပေလိမ့်မည်။

ထို့ကြောင့် အလုပ်ရှင်များအနေဖြင့် မိမိနိုင်ငံ၏ ဖြစ်ပေါ်လာမည့် ကောင်းမွန်သည့်အခြေအနေများကို အမိအရဆုပ်ကိုင်ရယူပြီး မိမိအကျိုးစီးပွားနှင့် နိုင်ငံ၏အကျိုးစီးပွား ပိုမိုဖြစ်ထွန်းရေး အားထုတ်လုပ်ကိုင်ကြရန် တိုက်တွန်းရေးသားအပ်ပါသည်။ ။

မြန်မာ-အမေရိကန် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မန္တလေးမြို့ရှိ ရွှေနန်းတော်ကျောင်းထိန်းသိမ်းပြုပြင်ရေးအတွက် နည်းပညာနှင့် အကူအညီပေးရေးဆိုင်ရာကိစ္စများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းပြုပြင်ရေးဆိုင်ရာ ကိစ္စများနှင့် အနာဂတ်တွင် ယဉ်ကျေးမှုကဏ္ဍနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးနှင့် ယဉ်ကျေးမှုရေးရာဌာနမှ Assistant Secretary Ms. Judith Stock ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး Mr.Derek J. Mitchell တို့သည် ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံးညှိခန်းမ၌ တွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

သတ်မှတ်အရောင်ပါ အိတ်များသုံးစွဲရေး ကြပ်မတ်စစ်ဆေးရန် လိုအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့တွင်း နေထိုင်သူများအတွက် အမှိုက်စွန့်ပစ်ရာတွင် သတ်မှတ်အရောင်ပါ အိတ်များဖြစ်သော အစိမ်းရောင်နှင့် အပြာရောင်အိတ်များဖြင့် ခွဲခြားစွန့်ပစ်ရန် ဆောင်ရွက်နေလျက်ရှိသလို လုပ်ငန်းရှင်များဘက်မှလည်း အဆိုပါ အရောင်ပါအိတ်မျိုးသာထုတ်လုပ်ရောင်းချကြရန် ကြပ်မတ်စစ်ဆေးနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ပလတ်စတစ်လုပ်ငန်းရှင်များကိုလည်း ၁၂ လက်မ× ၂၀ လက်မအရွယ်နှင့် အထက်အိတ်များထုတ်ရာတွင် အစိမ်းရောင်နှင့် အပြာရောင်အိတ်များသာ ထုတ်ရန်သတ်မှတ်ထားသည်။ သတ်မှတ်ချက်များနှင့်အညီ အမှန်တကယ်ထုတ်လုပ်ဖြန့်ဖြူးခြင်းမျိုး ရှိ၊ မရှိတို့ကို ကြပ်မတ်စစ်ဆေးနေခြင်းလည်း ဖြစ်သည်။

"သူတို့ကနေ ထုတ်လိုက်တဲ့အခါကျတော့ ဈေးဝယ်တဲ့သူတွေ လက်ထဲကို ဒီအရောင်ပါအိတ်တွေက ရောက်သွားမယ်၊ ဒီတော့အများပြည်သူအနေနဲ့က အမှိုက်အိတ်ကို သီးခြားဝယ်စရာမလိုဘဲ အခမဲ့ရရှိလာပြီး အဲဒီအရောင်ပါအိတ်တွေနဲ့ ခွဲခြားစွန့်ပစ်နိုင်မှာဖြစ်ပါတယ်" ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

လုပ်ငန်းရှင်များဘက်မှလည်း သဘောတူသတ်မှတ်ထားသည့်အတိုင်း လိုက်နာထုတ်လုပ်မှု ရှိ၊ မရှိကို စစ်ဆေးနေသည့်အပြင် ဖြန့်ချိရောင်းချသူများမှလည်း အမှန်တကယ်ဖြန့်ချိပေးမှုပေါ်တွင် ကြပ်မတ်စစ်ဆေးနေခြင်းဖြစ်ကြောင်း၊ ထိုသို့ ကြပ်မတ်စစ်ဆေးရာတွင် ညှိနှိုင်းသဘောတူထားသည့်အတိုင်း လုပ်ဆောင်မှုမရှိသည်ကို တွေ့ရသည့် လုပ်ငန်းရှင်များအား သတိပေးထားကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနသည် ရန်ကုန်မြို့တော်နေပြည်သူများကြား၌ အမှိုက်အစို၊ အခြောက် ခွဲခြားစွန့်ပစ်သောစနစ်ကို ယခု ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး အမှိုက်သယ်ဆောင်ရာတွင် အနံ့အသက်ဆိုးများထွက်ခြင်း မရှိစေရန်စီမံပေးနိုင်ခဲ့ကြောင်း၊ သတ်မှတ်အရောင်ပါ အိတ်များဖြစ်သော အစိမ်းရောင်နှင့် အပြာရောင်အိတ်များကိုလည်း ပြည်သူများလက်ဝယ်သို့ အခမဲ့ရရှိစေရန် စီစဉ်နေပြီး အမှိုက်ပုံးများ တိုးချဲ့ချထားခြင်းကိုလည်း စီစဉ်နေကာ အမှိုက်သိမ်းဆည်းသောစနစ်များ၌ ပိုမိုခေတ်မီသည့်စနစ်များအဖြစ်သို့ ဖော်ဆောင်နေလျက်ရှိကြောင်း သိရသည်။ ထိုအမှိုက် အစို၊ အခြောက်ခွဲခြားစွန့်ပစ်သော စနစ်တွင် ယခုအထိ အများပြည်သူများမှ လိုက်ပါဆောင်ရွက်နိုင်မှုမှာ ၇၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ယာဉ်စီးခနှုန်းထားများ ထင်သာမြင်သာ ကြေညာပေးစေလို

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြို့တွင် နိုင်ငံတော်၏ စီစဉ်ပံ့ပိုးမှုဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်လာသည်နှင့်အညီ အခြေခံလူတန်းစားများအတွက် လိုင်းကားများလည်း အရေအတွက်တိုးပွားလာလျက်ရှိသည်။ သို့သော် အချို့သော အထူးကားမဟုတ်သည့် ရိုးရိုးလိုင်းကားများသည် သတ်မှတ်နှုန်းထားထက်ပို၍ ငွေကြေးကောက်ယူခြင်းကြောင့် ခရီးသွားပြည်သူများအနေဖြင့် လိုရာခရီးသို့ ရောက်သော်လည်း စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

အထူးကားများတွင် ပုံသေသတ်မှတ်နှုန်းဖြင့် စီးနင်းရသဖြင့် အခက်အခဲမရှိသော်လည်း ရိုးရိုးလိုင်းကားအချို့တွင် ခရီးစဉ်အလိုက် သတ်မှတ်နှုန်းထားများကို တရားဝင်ကြေညာထားခြင်းမရှိဘဲ ယာဉ်စီးခပိုတောင်းကြခြင်းကြောင့် ခရီးသည်နှင့် ယာဉ်နောက်လိုက်များကြား မကြာခဏအငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ သို့ပါ၍ ရိုးရိုးလိုင်းကားများတွင် ယာဉ်စီးခသတ်မှတ်နှုန်းထားများကို ခရီးသည်များ ထင်သာမြင်သာရှိသောနေရာတွင် ကြေညာပေးခြင်းဖြင့် ခရီးသွားပြည်သူများ၏ စိတ်အနှောင့်အယှက်ဖြစ်မှုကို ဖြေလျှော့ပေးသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

(အေးသက်သက်နိုင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းရေးရာ

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးအား ထိုင်းနိုင်ငံအောက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား ထိုင်းနိုင်ငံ အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီဥက္ကဋ္ဌ Mr. Sunai Chulpongsatorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ရေးရာဆောင် အမှတ်(၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၌ လက်ရှိကျင်းပနေသော လွှတ်တော်အစည်းအဝေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီအတွင်းရေးမှူး ဦးဌေးမောင်နှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၂-၂၀၁၃ (စနေနေ့)

၅း၁၀	“သုဂတိဘဝမှသည်နိဗ္ဗာန်ဆီ” တရားတော် (မြောက်ဦးဆရာတော် ဓနဝါသီအရှင်ဝါယာမိန္ဒ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၅၀	အနုပညာမိုးကောင်ကင်
၁၂း၂၅	စာအုပ်ပြခန်း [မင်းယုဝေ (သူမတူသူများ)]
၇း၁၀	Style ရှိမှ Star ဖြစ်မယ်

Spain Laliga **ဘောလုံးပွဲစဉ်**

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၃၀	Getafe - Celta de Vigo	Star Sports

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

(၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော်ဖြစ်ပေါ်လာစေရေး။

❍ ကိုယ့်နိုင်ငံမှ

အကြောင်းရင်းတချို့ကို ရှင်းပြလိုပါတယ်။ ပထမအချက်အနေနဲ့ကတော့ SEA Games CHARTER RULES အရ Category I ၏ မပါမနေရအားကစားနှစ်နည်း Category II ရှိ အားကစားနည်း ၃၅ နည်းမှ ၂၃ နည်း (အနည်းဆုံး ၁၄ နည်း)၊ Category III မှ ရှစ်နည်း (အများဆုံး ရှစ်နည်း)၊ စုစုပေါင်း ၃၃ နည်းကို CHARTER နဲ့ အညီ ထည့်သွင်းခဲ့တာပါ။ ဒုတိယအချက်ကတော့ Category III မှ ရိုးရာအားကစားနည်းများကို အများဆုံးသတ်မှတ်ချက် ရှစ်မျိုး ထည့်ရခြင်းမှာ အရှေ့တောင်အာရှရဲ့ ရိုးရာနည်းများကို ကမ္ဘာ့အဆင့်ဖြစ်တဲ့ ဂျပန်မှ ကရာတေးဒို၊ ကိုရီးယားမှ တိုက်ကွမ်ဒိုနဲ့ တရုတ်မှဝူရှုးအားကစားနည်းတို့ဟာ ကမ္ဘာအနှံ့ ပျံ့နှံ့နေလို့ပဲဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ အိုလံပစ်အားကစားနည်းဖြစ်တဲ့ ကျွမ်းဘားနဲ့ တင်းနစ် မထည့်သွင်းတာကတော့ အခုလတ်တလော အခြေအနေအရ ပြိုင်ပွဲကျင်းပဖို့ ကွင်းရုံနေရာ ခက်ခဲတာကတစ်ခု၊ လေ့ကျင့်မှုများပေးနိုင်သော်လည်း ဆုတံဆိပ်ဆွတ်ခူးပေးနိုင်တဲ့ အားကစားသမားနည်းပါးတာကတစ်ကြောင်း၊ စတုတ္ထအချက်ကတော့ ကမ်ပိုအားကစားနည်းနဲ့ ပီတန်အားကစားနည်းတို့ကို ထည့်သွင်းရတာကတော့ ဆုတံဆိပ်ရရှိမှုအားနည်းတဲ့ အရှေ့တီမော၊ လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတွေကို ဒေသတွင်း ချစ်ကြည်ရင်းနှီးမှုအရ SEA Games Council အဖွဲ့ဝင်နိုင်ငံများရဲ့ သဘောတူညီချက်နဲ့ ထည့်သွင်းခဲ့တာပါ။ ပဉ္စမအချက်ကတော့ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမယ့် ဘယ်နိုင်ငံမဆို၊ ကိုယ့်နိုင်ငံအောင်မြင်မှုရရှိရေးနဲ့ ပြိုင်ပွဲဝင်နိုင်ငံတွေရဲ့ အဆင်ပြေချောမွေ့မှုကိုရယူနိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းပြီး အားကစားနည်းများကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။

မေး။ Gold Camp မှာ အဖွဲ့ခေါင်းဆောင်တစ်ဦး တာဝန်ယူထားရတော့ အားကစားလေ့ကျင့်ရေးစခန်းနဲ့ ပတ်သက်လို့ ရှင်းပြပေးနိုင်မလား။

ဖြေ။ ရှင်းပြနိုင်ပါတယ်၊ တစ်ခုစီကဏ္ဍတွေခွဲပြီး ပြောပြပါမယ်။ ဒီအခန်းမှာ အုပ်ချုပ်မှုရုံးအဖွဲ့ ၆၈ဦး၊ ဆေးအဖွဲ့ ၃၈ဦး၊ မော်တော်ယာဉ် ၅၅ ဦး၊ စားရိပ်သာ ၅၂ ဦး၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့ဝင်များ၊ တာဝန်ခံများ ၁၄၉ ဦး၊ နည်းပြ ၁၂၈ ဦး၊ စိစစ်ကြပ်မတ်ရေးဝန်ထမ်း ၁၄၁ ဦး၊ တရုတ်ဘာသာပြန် ၂၀ ဦး၊ နည်းပညာကျွမ်းကျင်သူ ၄၁ ဦးနဲ့ အားကစားသမား ၉၄၇ ဦး စုစုပေါင်း ၁၆၂၉ ဦး စခန်းသွင်းလေ့ကျင့်နေပါတယ်။ အုပ်ချုပ်ရေးအဖွဲ့နဲ့ အားကစားသမားတွေကို အခန်းတွေနဲ့ စနစ်တကျထားပါတယ်။ စားရေးသောက်ရေးကိုတော့ ဘူဖေးစနစ်နဲ့ ကျွေးပါတယ်။ အုပ်ချုပ်ရေးအဖွဲ့တစ်ဦးကို ၂၅၀၀ ကျပ်နှုန်း၊ အားကစားသမားတစ်ဦးကို ၃၀၀၀ ကျပ်နှုန်းလို့ သတ်မှတ်ပြီး ကျွေးနေပါတယ်၊ အားကစားသမားများကို အင်အားဖြည့်စရိတ်များလည်း ထောက်ပံ့ပေးလျက်ရှိပါတယ်။ အဲဒီလို ထောက်ပံ့ပေးရာမှာလည်း ပြိုင်ပွဲများ သွားရောက်ယှဉ်ပြိုင်ခြင်းနဲ့ လေ့ကျင့်မှုများ ပြုလုပ်နေတဲ့ ကာလများကို ထောက်ပံ့နေခြင်းဖြစ်ပါတယ်။ သွားရေးလာရေးအတွက် လေ့ကျင့်ရေးကွင်းများကိုသွားတဲ့ ကားကြီး ၁၆ စီး၊ ကားလတ်တစ်စီး၊ ကားငယ် ၂၄ စီး၊ လူနာတင်ကားနှစ်စီးနဲ့ မော်တော်ဆိုင်ကယ် ၃၇ စီးတို့နဲ့ နေ့စဉ်ပို့ဆောင်ပေးနေပါတယ်။ လေ့ကျင့်ရေးအတွက်ကတော့ အားကစားနည်းအလိုက် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများကို စုံစုံလင်လင်ထားပေးပါတယ်။ လေ့ကျင့်ရေးအတွက် ဝတ်စုံတွေကိုလည်း ပြည့်ပြည့်စုံစုံပံ့ပိုးထားပြီး အသုံးအဆောင်ပစ္စည်းများကိုလည်း လောက်ငအောင် ပေးထားပါတယ်။ အားကစားသမားတွေထဲက ကျောင်းသား ကျောင်းသူတွေကိုလည်း အတန်းပညာအလိုက် အထက(၁၁)မှ ကျောင်းဆရာ ဆရာမတွေက ညနေ ၇ နာရီကနေ ၉ နာရီအထိ အချိန်ပိုသင်ကြားပို့ချမှုကို ဆောင်ရွက်ပေးနေပါတယ်။ လေ့ကျင့်မှု၊ နားချိန် မွန်းလွဲပိုင်းမှာ နည်းစနစ်ဆိုင်ရာ Mental Training အနေနဲ့ တီဗွီနဲ့ ဗီဒီယိုအခွေတွေကို ပြသပါတယ်။ စည်းကမ်းပိုင်းကိုတော့ စနစ်တကျနဲ့ ထိန်းသိမ်းထားပါတယ်။ ရုံးလုပ်ငန်း၊ ပို့ဆောင်ရေးအဖွဲ့၊ လုံခြုံရေးတို့ကိုလည်း ပြည့်စုံလုံလောက်စွာရှိဖို့ လုပ်ဆောင်ပေးထားပြီး ကျန်းမာရေး အတွက်ကိုတော့ Medical Center ဖွင့်ပြီး ခေတ်မီစက်ကိရိယာများ၊ ဆေးဝါးများ ပြည့်စုံစွာနဲ့ ဆရာဝန် ရှစ်ဦး၊ သူနာပြုကိုးဦး၊ ကျွမ်းကျင်သူ သုံးဦးတို့နဲ့ ၂၄ နာရီ အချိန်ပြည့် ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် အားကစားသမားများကို ခေတ်မီအားကစားလေ့ကျင့်ရေးစက်အမျိုးပေါင်း ၃၀ တပ်ဆင်ထားတဲ့ Fitness Center တစ်ခုဖွင့်လှစ်ပြီး GYM အကြံပေးပုဂ္ဂိုလ်တစ်ဦး၊ တရုတ်ပညာရှင် သုံးဦး၊ တာဝန်ခံ အရာထမ်း၊ အမှုထမ်း ၂၀ တို့နဲ့ စနစ်တကျ အားကစားနည်းအလိုက် လိုအပ်တဲ့ ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိစေရန် လေ့ကျင့်ပေးလျက်ရှိပါတယ်။ အဲဒီစက်တွေကို ကိုင်တွယ် အသုံးပြုရာမှာ စနစ်တကျ ကျွမ်းကျင်စနစ်ကျသူကို ဂျပန်နိုင်ငံမှ ပညာရှင်သုံးဦးက သုံးကြိမ်တိုင်တိုင် သင်တန်းလာရောက်ပို့ချပေးပါတယ်။

ဦးကျော်ဦး(နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း တာဝန်ခံ)

မေး။ အခုလေ့ကျင့်နေတဲ့ အားကစားသမားတွေကို ဘယ်လိုရွေးချယ်ထားသလဲဆိုတာ ရှင်းပြပေးလို့ရမလားခင်ဗျာ။

ဖြေ။ အခုအားကစားလေ့ကျင့်ရေးစခန်းတွေမှာ လေ့ကျင့်နေတဲ့ အားကစားသမားတွေကို ဒေါက်ငါးဒေါက်ကနေ ရွေးချယ်ထားတာပါ။ ဒေါက်ငါးဒေါက်ဆိုတာကတော့ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ အားကစားသမားများ၊ အားကစားနှင့် ကာယသိပ္ပံ(ရန်ကုန်၊မန္တလေး)တို့မှ အားကစားသမားများ၊ CCC ပြိုင်ပွဲတွေကနေ ရွေးချယ်ထားတဲ့ အလားအလာကောင်းတဲ့ အားကစားသမားများ၊ တက္ကသိုလ်ပေါင်းစုံနဲ့ အခြေခံပညာ ကျောင်းသားအားကစားပြိုင်ပွဲတွေကနေ ရွေးချယ်ခဲ့တဲ့ အလားအလာရှိ အားကစားသမားများ၊ တပ်မတော်သားများနဲ့ ရဲတပ်ဖွဲ့ဝင်အားကစားသမားများကို ပဏာမရွေးချယ်ထားလို့ ဖော်ပြပါကဏ္ဍငါးခုကနေ အခုစုစည်းပြီး လေ့ကျင့်ပေးနေတာပါ။ ဒါကြောင့် ဒေါက်ငါးဒေါက် ဆိုပြီး ခေါ်တာပါ။

မေး။ ဒါဆိုရင် အခုလေ့ကျင့်နေတဲ့ အားကစားသမားတွေထဲကနေ လက်ရွေးစင်ရွေးဖို့ကို ဘယ်လိုစီစဉ်ထားသလဲ ရှင်းပြပေးပါဦး။

ဖြေ။ အခုလာမယ့် ဖေဖော်ဝါရီ ၂၈ ရက်ကနေ မတ်လ ၇ ရက်အထိ ကျင်းပမယ့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲများကနေ အားကစားနည်း ၂၂ မျိုးကို ယှဉ်ပြိုင်စေပြီး ပြိုင်ပွဲမှာ ယှဉ်ပြိုင်မှုအရည်အချင်းကို ကြည့်ပြီးတော့ A အုပ်စု၊ B အုပ်စု၊ C အုပ်စုဆိုပြီး ခွဲထုတ်တော့မှာပါ။ A အုပ်စုကတော့ အခု SEA Games မှာ ပါဝင်ယှဉ်ပြိုင်ဖို့လို့ သတ်မှတ်ပြီး ရွှေရရှိနိုင်ရေးကို အစွမ်းကုန် လေ့ကျင့်ခိုင်းတော့မှာပါ။ B အုပ်စုကတော့ နောင်လာမယ့် ၂၀၁၅ ခုနှစ် စင်ကာပူ SEA Games အတွက် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားပြီး C အုပ်စုကိုတော့ နေရပ်ကို ပြန်လည်စေလွှတ်မယ်လို့ သိထားပါတယ်။

မေး။ နောက်ဆုံးသိချင်တာတစ်ခုကတော့ အခု အစ်ကိုက အားကစားကွင်းတွေနဲ့ ရင်းနှီးကျွမ်းဝင်နေတော့လာမယ့် SEA Games ပြီးသွားရင် အားကစားရုံတွေကို ဘယ်လိုဆက်ပြီး အသုံးပြုသွားရင် ကောင်းမလဲ အစ်ကို့ရဲ့ ထင်မြင်ချက်လေး ပြောပြပေးပါ။

ဖြေ။ ဒါလည်းSEA Games ပြီးသွားရင် ဒီအားကစားရုံတွေ ဆက်လက်အသုံးပြုဖို့ ကောင်းတဲ့အလားအလာတွေရှိပါတယ်။ကျွန်တော့်ရဲ့ထင်မြင်ယူဆချက်ကို ပြောရရင်တော့ နိုင်ငံတော်အဆင့် National Camp အပြင် SEA Games ပြိုင်ပွဲများအတွက် စခန်းသွင်းလေ့ကျင့်နိုင်မယ်။ အားကစားနည်းအလိုက် ACADEMY ကျောင်းများအဖြစ် အဆင့်မြင့်မြင့်ဖွင့်လှစ်သွားနိုင်တယ်။ အချို့နိုင်ငံများလို အားကစားတက္ကသိုလ်ဖွင့်လှစ်ပြီး အားကစားဘွဲ့ရလူငယ်တွေကို မွေးထုတ်၍ နိုင်ငံတော်အားကစားကို မြှင့်တင်နိုင်မယ်။ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်အားကစားပြိုင်ပွဲများ၊ အမျိုးသားအားကစားပွဲတော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲတွေကို ကျင်းပနိုင်ပြီး နေပြည်တော်မှာ အဆင့်မီအား/ ကာသိပ္ပံတစ်ခု ဖွင့်လှစ်နိုင်မယ်လို့ တွေးဆမိတယ်။

အခုလို ကြေးမုံသတင်းအဖွဲ့ကို စိတ်ရှည်သည်းခံပြီး ဖြေကြားပေးတာကို သတင်းစာတိုက်ကိုယ်စား ကျေးဇူးတင်ပါတယ်။

Myanmar Private Hospitals' Association

မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း ပထမအကြိမ်နှစ်ပတ်လည် အထွေထွေမျက်နှာစုံညီ အစည်းအဝေးဖိတ်ကြားခြင်း

Myanmar Private Hospitals' Association

မြန်မာနိုင်ငံပုဂ္ဂလိက ဆေးရုံများအသင်း (မှတ်ပုံတင်အမှတ် ၁၀၅၁/၂၀၁၂-၂၀၁၃) ၏ ပထမအကြိမ် အထွေထွေမျက်နှာစုံညီအစည်းအဝေးကို ၂၀၁၃ခုနှစ် မတ်လ(၁၆)ရက် စနေနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အသင်းဝင်ပြီးသော ပုဂ္ဂလိက ဆေးရုံများနှင့် အကြောင်းကြောင်းကြောင့် အသင်းမဝင်ရသေးသောပုဂ္ဂလိကဆေးရုံများ အားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက် ။ ။ အဆိုပါ အစည်းအဝေးသို့ ပုဂ္ဂလိကဆေးရုံကို တိုက်ရိုက်ကိုယ်စားပြုသူ(သို့) ဆုံးဖြတ်ပိုင်ခွင့်ရှိသူ ဆေးရုံပိုင်ရှင်၊ဆေးရုံအုပ် စသည်ဖြင့်ဆေးရုံတစ်ရုံလျှင်(၂)ဦးစီ တက်ရောက်နိုင်ပါသည်။ အစည်းအဝေးတက်ရောက်မည့် ပုဂ္ဂလိကဆေးရုံများမှ ကိုယ်စားလှယ်များ၊ညစာစားပွဲတက်ရောက်ကြမည့် ကိုယ်စားလှယ်များနှင့် အစည်းအဝေးတွင် တင်သွင်းဆွေးနွေးလိုသော အဆိုပြုလွှာများကို အသင်းရုံးသို့ ၂၀၁၃ခုနှစ် မတ်လ(၁)ရက် သောကြာနေ့နောက်ဆုံးထား ၍ပေး ပို့ကြပါရန်လေးစားစွာပန်ကြားအပ်ပါသည်။

ဆက်သွယ်ရန် ။ ။ ဒေါက်တာ နှင်းချစ်လွင်လွင် (ဖုန်း) ၀၉၅၁၈၄၀၀၁ ရုံးဖုန်း (၀၁)၁၂၂၀၇၄၇၊ ၂၃၀၁၅၈၇
ဒေါက်တာ သဲဆုပန် (ဖုန်း) ၀၉၄၃၁၁၈၈၉၄ E-mail - mpha.org@gmail.com

နယ်စပ်ဒေသ ပန်မွန်ဂျုံကျေးရွာအနီးတွင် ကင်းလှည့်လျက်ရှိသော တောင်ကိုရီးယား တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

မြောက်ကိုရီးယား နျူစမ်းသပ်ခြင်းမှ ရေဒီယိုဓာတ်သတ္တိကြွမှုမတွေ့ဟု ဆိုးလ်ပြောကြား

ဆိုးလ် ဖေဖော်ဝါရီ ၁၅

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုမှ ရေဒီယိုသတ္တိကြွ အိုင်ဆိုတုပ်အနည်းငယ်ကိုမျှ ၎င်းတို့စစ်ဆေးတွေ့ရှိခဲ့ခြင်းမရှိကြောင်း တောင်ကိုရီးယားကျွမ်းကျင်သူများက ထုတ်ဖော်ပြောဆိုခဲ့သည်ဟု ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

နမူနာရှစ်ခုကို စမ်းသပ်စစ်ဆေးရာတွင် ဘာမျှမတွေ့ရှိရကြောင်း နျူကလီးယားအန္တရာယ် ကင်းဝေးရေးနှင့် လုံခြုံရေးကော်မရှင်က ပြောကြားသည်။

ပလူတိုနီယံသို့မဟုတ် ယူရေနီယံအခြေပြုကိရိယာ နှစ်မျိုးအနက် မည်သည့်ကိရိယာကို အသုံးပြုခဲ့သည်ဟု ကျွမ်းကျင်သူများက ဆုံးဖြတ်ရန်အတွက် အထူးသဖြင့် စီနွန်ဓာတ်ငွေ့များကဲ့သို့သော အိုင်ဆိုတုပ်များကို ရှာဖွေတွေ့ရှိမှသာ ဖြစ်နိုင်မည်ဖြစ်သည်။ သို့သော် မည်သည့်အိုင်ဆိုတုပ်မျှမတွေ့ပါဟု ကျွမ်းကျင်သူများကပြောသည်။

မြောက်ကိုရီးယားက နျူကလီးယားစမ်းသပ်မှုပြုလုပ်ပြီး ချက်ချင်းပင် တောင်ကိုရီးယားက ၎င်း၏လေယာဉ်များ၊ သင်္ဘောများကို နမူနာစုဆောင်းရယူရန်အတွက် စေလွှတ်ခဲ့သည်။

နိုင်ငံတစ်ဝန်းလုံးရှိလူတို့ ထိန်းသိမ်းလုပ်ကိုင်ရန်မလိုသည့် ရေဒီယိုဓာတ်သတ္တိကြွမှု ထောက်လှမ်းရေးစနစ်များတွင် မည်သည့်ပြောင်းလဲမှုမျိုးကိုမျှ မှတ်တမ်းတင်ထားခြင်းမရှိဟု ကော်မရှင်ကပြောသည်။

မြောက်ကိုရီးယားနိုင်ငံက မြေအောက်နျူကလီးယားစမ်းသပ်မှုကို လုပ်ဆောင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၂ရက်တွင် ကြေညာခဲ့သည်။

ဘီဘီစီ။

ချီလီနိုင်ငံတွင် တောမီးအကြီးအကျယ်လောင်ကျွမ်း ဒေသခံပြည်သူ ၆၀၀ ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ကြရ

ဆန်တီယေးဂိုး ဖေဖော်ဝါရီ ၁၅

ချီလီနိုင်ငံတွင် တောမီးအကြီးအကျယ်လောင်ကျွမ်းလျက်ရှိရာ ထိန်းချုပ်မရသဖြင့် နိုင်ငံအလယ်ပိုင်းရှိ ပင်လယ်ကမ်းခြေမြို့ဖြစ်သော ဗယ်လ်ပါရာဇိုရီဘိုအနီးသို့တိုင်ရောက်ကူးစက်လောင်ကျွမ်းလျက်ရှိကြောင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ အပူချိန်မြင့်မားခြင်းနှင့် ရေမရှိခြင်းတို့ကြောင့် မီးလောင်မှု ပိုမိုကျယ်ပြန့်လာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၁၅ရက်တွင် ပြောကြားသည်။

အဆိုပါတောမီးသည် ဗယ်လ်ပါရာဇိုရီဘိုမြို့ ဆင်ခြေဖုံးရှိ ဆန်ရိုက္ကိတောင်ကုန်းတွင် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းရာ ယင်းမှတစ်ဆင့် ရိုဒီလီကိုတောင်ကုန်းသို့ ပျံ့နှံ့လောင်ကျွမ်းကြောင်း၊ ယင်းနေရာသည် မြို့ပြဖွံ့ဖြိုးမှုအတွက် အဆောက်အအုံအသစ်များ ဆောက်လုပ်နေသော နေရာဖြစ်ကြောင်း ပြောကြားသည်။

ဗယ်လ်ပါရာဇိုရီဘိုမြို့၏မြို့တော်နယ်နိမိတ်ဖြစ်သော ဗင်နာဒယ်လ်မားတွင် မီးလောင်မှု အဆိုးရွားဆုံးအဆင့်သို့ ရောက်ရှိနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတိပေးထားကြောင်း၊ တောမီးလောင်ကျွမ်းမှု ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် သစ်တောဌာနမှ အလုပ်သမားများက ကြိုးစားငြိမ်းသတ်လျက်ရှိကြောင်း ပြောကြားသည်။

ဗယ်လ်ပါရာဇိုရီဘိုမြို့ရှိ အိမ်ခြေ ၃၀ခန့်မီးလောင်ခံရပြီး လူ ၆၀၀ ခန့်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးကြရကြောင်း၊ မီးလောင်မှုထိန်းချုပ်မရသဖြင့် အိမ်မီးလောင်မှု နောက်ထပ်တိုးလာနိုင်ကြောင်း ချီလီနိုင်ငံအမျိုးသားအရေးပေါ်ဌာနက ပြောကြားသည်။

ဆင်ဟွာ။

ဗယ်လ်ပါရာဇိုရီဘိုမြို့အနီး၌ တောမီးလောင်ကျွမ်းလျက်ရှိသည်ကို တွေ့ရစဉ်။

ဂျာမနီတွင် မြင်းသားပါသော စားဖွယ်ရာများဖယ်ရှားကြပြီ

ဘွန်း ဖေဖော်ဝါရီ ၁၅

ဂျာမနီနိုင်ငံအတွင်း၌ ရောင်းချနေသည့် အေးခဲထားသည့်လာဆာန်းစားဖွယ်ရာတွင် မြင်းသားများကို စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ကုန်တိုက်ကြီးများသည် ယင်းစားဖွယ်ရာများကို ၎င်းတို့၏ စင်များပေါ်မှ စတင်ဖယ်ရှားနေကြပြီဖြစ်ကြောင်း ကြာသပတေးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ရီးရဲလ်ကုန်တိုက်ကြီးက အေးခဲထားသည့်လာဆာန်းစားဖွယ်ရာများကို ဖယ်ထုတ်ပြီးခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဥရောပ တစ်ဝန်းဖြစ်ပေါ်သော မြင်းသားအရှုပ်တော်ပုံတွင် လာဆာန်းသည်နောက်ဆုံးတွေ့ရှိသည့် မြင်းသားပါစားစရာဖြစ်သည်။

ဘီဘီစီ။

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အရပ်သားကားတစ်စီး ပြန်ပေးဆွဲခံရ

ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅

ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်းတွင် အမျိုးသမီးများနှင့် ကလေးများအပါအဝင် အရပ်သား ၄၀ထက်မနည်း စီးနင်းလိုက်ပါလာသော ဘတ်စ်ကားတစ်စီးကို အယ်လ်ခိုင်ဒါအဆက်အနွယ် အယ်လ်-နုဘရာဖရန့်တ် စစ်သွေးကြွများက ပြန်ပေးဆွဲအပိုင်စီးလိုက်ကြောင်း ဖေဖော်ဝါရီ ၁၅ရက်သတင်းတွင် ဖော်ပြသည်။

ပစ်ခတ်

ယင်းဖြစ်ရပ်သည် ဖေဖော်ဝါရီ ၁၄ရက်က အိုင်ဒီလစ်ဘ်ပြည်နယ်တွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ရှာဒီဒီမြို့ရှိ ရေနံကုမ္ပဏီကိုလည်း တိုက်ခိုက်ရာ အရပ်သားသေဆုံးမှုများဖြစ်ခဲ့ကြောင်း၊ နိုင်ငံခြား အထောက်အပံ့ရရှိနေသော စစ်သွေးကြွများက ယင်းနေ့မှာပင် ဆီးရီးယားတိုက်လေယာဉ်နှစ်စင်းအား ပစ်ခတ်တိုက်ခိုက်ခဲ့ပုံကို ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည်။

ထိုစဉ်အတွင်း အယ်လ်-နုဘရာဖရန့်တ် စစ်သွေးကြွ ၂၀ကျော်နှင့် ဆီးရီးယားစစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင် ၁၀၀ နီးပါး ရင်ဆိုင်တိုက်ခိုက်ခဲ့ကြကြောင်း၊ ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်အနီးတွင်ဖြစ်ကြောင်း၊ တိုက်ပွဲတွင် စစ်သွေးကြွများဘက်မှ ကျဆုံးသကဲ့သို့ ဆီးရီးယားစစ်ဘက်ဆိုင်ရာမှလည်း ကျဆုံးကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

COLUMBUS HOLIDAYS ပျော်ရွှင်ကြည်နူးသင်္ကြန်အထူးခရီးစဉ်များ

* ကိုရီးယား (ဆိုးလ်- ဂျေဂျူး)	၈ည/၉ရက် (ဧပြီ ၁၄)	US$ 2000
* ကိုရီးယား (ဆိုးလ်- နာမိကျွန်း)	၅ည/၆ရက် (ဧပြီ ၁၂)	US$ 2250
* ဟောင်ကောင် - မကာအို	၄ည/၅ရက် (ဧပြီ ၁၃)	US$ 1580
* စင်္ကာပူ - မလေးရှား	၇ည/၈ရက် (ဧပြီ ၁၄)	US$ 1380
* စင်္ကာပူသီးသန့်	၃ည/၄ရက် (ဧပြီ ၁၃)	US$ 980

Hotel-4 star + ပြီးပြည့်စုံသောဝန်ဆောင်မှု
အခြားခရီးစဉ်များလည်းစုံစမ်းနိုင်ပါသည်။
Columbus TRAVELS & TOURS 229245, 378535, 0943052593

သာသနာရေးဝန်ကြီးဌာန၊ရုံးအဖွဲ့မှူး(ငြိမ်း) ဦးမောင်မောင်မြင့်ဦးစီးသော
နာလန္ဒာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့
အိန္ဒိယ/ နီပေါ နိုင်ငံတို့ရှိ သံဝေဇနိယလေးဌာန၊ အဝိဇဟိတလေးဌာနတို့သို့ ဘုရားဖူးပို့ဆောင်နေပါသည်။
ကီလိုမီတာ (၂၇၀၀)ကျော်ရှည်သော ခရီးစဉ်အား သက်တောင့်သက်သာသွားနိုင်ရန် (၄၅)ယောက်စီးကားကို (၂၅)ဦးဖြင့် ၂၃.၃.၂၀၁၃ တွင်တကြိမ်၊သင်္ကြန်အတွင်းသွားလိုသူများအတွက် ၆.၄.၂၀၁၃ တွင်တကြိမ် (၁၅)ရက်ခရီးပို့ဆောင်ရန်စီစဉ်ထားပါသဖြင့် သက်တောင့်သက်သာသွားလိုသူများ အမြန်ဆက်သွယ်နိုင်ပါပြီ။
- p.p ရှိပြီးသူ ၅၀၀၀ဝိ/ လျှော့မည်။(၁၆)ဦးစုစည်းလာပါက(၁)ဦးအခမဲ့။
– (၁၅)ရက်ခရီးစဉ် (၈.၅)သိန်း(စရိတ်ငြိမ်း)။
အမှတ်(၁၉၆) ဗိုလ်တထောင်ဈေးလမ်း(အီဒင်လမ်း)၊ ပုဇွန်တောင်မြို့နယ်။
၀၁–၂၉၃၀၅၃၊ ၂၉၀၈၀၂၊ ၆၄၁၀၀၆၊ ၀၉၇၃၁၃၈၅၀၃၊ ၀၉၄၂၀၈၂၂၅၆၊ ၀၉၄၂၀၈၂၂၅၇

UNIQUE STAR TRAVELS & TOURS
PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

. တောင်ကြီး၊ အင်းလေး	Feb 9,23/Mar 1,23	(185,000)
. ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ	Feb 9,23/Mar 1,23	(175,000)
. ပုဂံ+မန္တလေး၊ပြင်ဦးလွင်	Feb 9,23/Mar 1,23	(175,000)
. ပုဂံ+ရွှေစက်တော်	Feb 23/ Mar 1,23	(175,000)
. အလောင်းတော်ကဿပ	Feb 10,23/Mar 1,23	(195,000)
. ချောင်းသာ HOTEL MAX	Mar 24	(75,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး		(12,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
70/A၊ ကမ္ဘာ့အေးဘုရားလမ်း၊ ဗဟန်း။ 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

◆ တစ်ယောက်က လူကုံထံမိသားစုက မွေးဖွားလာခဲ့တဲ့ မိဘအလိုလိုက်ခံထားရတဲ့ ပြဿနာကောင်လေးတစ်ယောက်
◆ တစ်ယောက်က ဆင်းရဲသားမိသားစုက မွေးဖွားလာခဲ့တဲ့ လိမ္မာရေးခြားရှိပြီး စာကြိုးစားတဲ့ကောင်လေးတစ်ယောက်
◆ ဘဝအခြေအနေပေးခြင်းမတူတဲ့ ကောင်လေးနှစ်ယောက်ကို ရက်သတ္တပတ်ကြာ နေရာချင်း ပြောင်းလဲကြည့်လိုက်တဲ့အခါ...
နေရာ
ခိုင်ခိုင်းစနေ

ထွက်ပြီ
Synergy Publications - အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၂၅၄၁၂၇၊ ၀၁၀-၃၀၀၁၃၃၂၂

အရောင်နှင့်ပတ်သက်သည့် လုပ်ငန်းအသီးသီးတွင် လက်တွေ့အသုံးချနိုင်သော
လိုက်ဖက်ညီသည့်အရောင်များ

ထွက်ပြီ
တန်ဖိုး (၃၀၀၀)
◆ ဒီဇိုင်နာ၊ ဖက်ရှင်ဒီဇိုင်နာ၊ ပန်းချီဆရာများနှင့် အရောင်ကို အသုံးပြုနေသူတိုင်းအတွက် တီထွင်ဖန်တီးမှုပြုလုပ်နိုင်သည့် အရောင်အတွဲအစပ်ပေါင်း (၁၅၀၀) ကျော် ပါဝင်သည်။
◆ စာအုပ်တစ်အုပ်လုံးကို ကြွေစက္ကူ၊ တိကျသောအရောင်စုံရိုက်ချက်များဖြင့် ပုံနှိပ်ပါသည်။
Synergy Publications - အမှတ်(၉၄)၊ ၃-လွှာ၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း- ၂၅၄၁၂၇၊ ၀၁၀-၃၀၀၁၃၃၂၂

ပြည်တွင်းရေးရာ

မြန်မာ-အမေရိကန် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် အမေရိကန်နိုင်ငံ U.S Agency of International Development (USAID) မှ Minister of Councelor and USAID Mission Director Mr. Christopher Milligan, Attache and Humanitrain Assistance Program Manager Mr. Joanna Ribbens, Agricultural Development Officer Mr. Gary Jahn နှင့် ဒေါက်တာဇော်ဦးတို့နှင့်အတူ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် တစ်ကွင်းတစ်ဆက်တည်း အဆင့်မြင့် စံပြစက်မှုလယ်ယာမြေဧက (၃၀၀၀) စီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော လယ်ယာသုံးစက်ကိရိယာများ၊ မျိုးစေ့နမူနာများ၊ အဆင့်မြင့်ကုန်ချော ထွက်ကုန်များကို ကြည့်ရှုအားပေးကြသည်။(ယာပုံ)

ထို့နောက် စိုက်ကွင်းအတွင်း နွေစပါးစိုက်ပျိုးရန် ရေပေးဝေနေမှုများ၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ပျိုးထောင်ထားရှိမှု၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုများ၊ ဖြစ်ထွန်းအောင်မြင်နေသော စပ်မျိုးနေကြာစိုက်ခင်းနှင့် အစေ့ထုတ်ပြောင်းစိုက်ခင်းများ၊ ချိုင်းကျေးရွာအနီးရှိ မြေပဲသုတေသနစိုက်ခင်း ၁၀ ဧက၏ ၅၂ ရက်သား သက်တမ်းတွင် ဖြစ်ထွန်းအောင်မြင်နေမှုနှင့် မျိုးစေ့သန့်စင်စက်များ၊ လယ်ယာသုံးစက်ကိရိယာနှင့် မျိုးစေ့အရောင်းဆိုင်ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် USAID မှအဖွဲ့သည် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြန်မာ-အမေရိကန် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းဆောင်ရွက်ရေး၊ လယ်ယာထွက်ကုန်များဈေးကွက်ရရှိရေး၊ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၆၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြောင်းလဲမှုများနှင့်အတူ ဝန်ထမ်းများအနေဖြင့် ပြည်သူများအတွက် ဝန်ဆောင်မှုပေးသူများ၊ ပြည်သူ့ဘက်က အမြဲရပ်တည်သူများနှင့် ပြည်သူလက်ခံ ယုံကြည်မှုရရှိသူများအဖြစ် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ယနေ့နံနက်ပိုင်းက ကျင်းပသည့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၆၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ပြောကြားခဲ့သည်။**(အောက်ဝဲပုံ)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် လွန်ခဲ့သော (၆၇)ခုနှစ်က ဗမာ့အသံဆိုသည့်အမည်ဖြင့် စတင်ခဲ့သည့်ဌာနတစ်ခုဖြစ်သည်။ အဆိုပါ နှစ်ပတ်လည်နေ့အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ဒုတိယဝန်ကြီးက ပြည်သူ့ဝန်ထမ်းကောင်းရရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲထူးချွန်ဆုရရှိသူများ၊ လုပ်ငန်းတာဝန်ကျေပွန်ဆုရရှိသူများနှင့် အထွေထွေထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ခဲ့သည်။

ထို့အပြင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများကလည်း လုပ်ငန်းစွမ်းဆောင်မှုထူးချွန်သူများအား ဂုဏ်ပြုဆုနှင့် ဝန်ထမ်းဝတ်စုံစရိတ်များ၊ ပညာသင်စရိတ်များကို ပေးအပ်ခဲ့ကြသည်။

အလားတူ ညနေ ၃ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China Radio International - CRI) အသံလွှင့်ဌာနတို့ (၉)နှစ်မြောက် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အခမ်းအနားကို ကျင်းပရာ မြန်မာ့အသံမှ ဝန်ထမ်းများက ပန်းတိုင်ငြိမ်းချမ်းစွာပွင့်စေ တရုတ်-မြန်မာချစ်ကြည်ရေး တေးသီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ အထွေထွေသံမှူး Mr. Lu Zhi တို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် တေးသံရှင်များက မြန်မာနှင့် တရုတ်တေးသံသာများ၊ ကဗျာများကို သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

(သတင်းစဉ်)

ဖုန်းများ အထူးလျှော့ဈေးဖြင့် ရောင်းချမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၅

အများပြည်သူမျှော်လင့်တောင့်တလျက်ရှိသည့် ငွေကြေးသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်မည့် ဖုန်းဆင်းကတ်များကို ဧပြီ ၁ ရက်တွင် စတင်ရောင်းချပေးမည်ဟု သိရသည်။

ထို့အပြင် ရွှေပြည်တံခွန်ကုမ္ပဏီကလည်း ငွေကျပ် ၅၀၀၀ တန်ဖုန်းများ ရောင်းချမည့် အစီအစဉ်ကို မလျှော့သောဇွဲဖြင့် တင်းခံနေရာမှ ယခုနှစ်အတွင်း ဟန်းဆက်စက်ရုံတည်ထောင်ကာ ဖုန်းများထုတ်လုပ်ရောင်းချတော့မည့် သတင်းများလည်း ထပ်မံကြားသိနေရပြန်သည်။

ZYP ဖုန်းဆိုင်အနေဖြင့်လည်း တာမွေမြို့နယ် သမိန်ဗရမ်းလမ်း မလွှကုန်း ဈေးကွယ်(က)ရပ်ကွက်၌ တာမွေဆိုင်ခွဲ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၁၇ရက်မှ ၂၁ရက်အထိ အရည်အသွေးမီ ဟန်းဆက်မျိုးစုံကို အထူးလျှော့ဈေးဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဝယ်ယူသူတိုင်းကို ခြောက်လ အာမခံပေးကာ 4GB, 8GB Memory Card၊ ငွေကျပ် ၅၀၀၀တန် ငွေဖြည့်ကတ် စသည်တို့မှ တစ်ခုခုကို မေတ္တာလက်ဆောင် ထပ်မံရရှိမည်ဖြစ်သည်။ ထို့အပြင် ဖုန်းနှင့်ပတ်သက်သည့် ဝန်ဆောင်မှုမျိုးစုံကို လွယ်လင့်တကူ one-stop-service ရရှိမည်ဟုလည်း သိရသည်။ **(အောင်ကျော်ဝင်း)**

ဝက်နားရွက်ပြာရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံသို့ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဝက်နားရွက်ပြာရောဂါ စတင်ကူးစက်ပြန့်ပွားခဲ့ရာ ရောဂါရပ်စဲအောင် ထိန်းချုပ်နိုင်ခဲ့သော်လည်း မွေးမြူသူအချို့ ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခဲ့ရပါသည်။ ဝက်နားရွက်ပြာရောဂါသည် လူသို့တိုက်ရိုက်ကူးစက်မှု မရှိသော်လည်း ဝက်များတွင် ကူးစက်မှုနှင့် သေဆုံးမှုနှုန်းမြင့်မား၍ မွေးမြူရေးလုပ်ငန်းကို စီးပွားရေးအရ လွန်စွာထိခိုက်စေသော ရောဂါဖြစ်ပါသည်။ ကာကွယ်ဆေး၏ အာနိသင်သည် အချိန်တိုတောင်းပြီး ရောဂါပိုင်းရပ်စ်မျိုးကွဲများကို ကာကွယ်မှုမပေးနိုင်သဖြင့် ဝက်နားရွက်ပြာ ရောဂါကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုမြှင့်တင်ဆောင်ရွက်ရာတွင် ခြံကိုမွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖြင့် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်၍ တိရစ္ဆာန်၊ လူ၊ ယာဉ်ဖြတ်သန်းသွားလာမှုကို ထိန်းချုပ်ရန်။

(ခ) တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများအနေဖြင့် စားကြွင်းစားကျန်များကို စုဆောင်းကျွေးမွေးပါက ကျက်အောင်ချက်ပြုတ်ပြီးမှ ဝက်များကို ကျွေးမွေးရန်။

(ဂ) ဝက်ခြံလုပ်သားများအနေဖြင့် နှာခေါင်းစည်း၊ လက်အိတ် စသည်များ စနစ်တကျ အသုံးပြုရန်နှင့် ဝက်ခြံများမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(ဃ) ရောဂါတစ်ခုခုဖြစ်ပွားနေသောဝက်၊ မည်သည့်ရောဂါနှင့်မဆို သေဆုံးသော ဝက်နှင့် အဆိုပါဝက်၏ အစိတ်အပိုင်းတစ်စုံတစ်ရာကို သယ်ဆောင်ခြင်း၊ လှီးဖြတ်ခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုလုပ်ရန်။

(င) ရောဂါဖြင့်သေဆုံးသော ဝက်နှင့် အညစ်အကြေးများ၊ စားကြွင်းစားကျန်များနှင့် အသုံးအဆောင်ပစ္စည်းများကို မြေမြှုပ်မီးရှို့ဖျက်ဆီးရန်၊ ပြန်လည်အသုံးပြု၍ရသော အသုံးအဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ပြီးမှ ထပ်မံအသုံးပြုရန်။

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် ရောင်းချသောဆိုင်မှ ဝက်သားကိုသာ ဝယ်ယူစားသုံးရန်။

(ဆ) တိရစ္ဆာန်တွင် ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ကူးစက်ရောဂါဖြစ်သည်ဟု သံသယရှိလျှင်ဖြစ်စေ နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းအကြောင်းကြားရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

အမှတ်တံဆိပ်အမည်အမှတ်အသားသတိပေးကြေညာချက်

Palm Spring

အောက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားကို သုံးစွဲလျက် ကျွန်ုပ်၏မိတ်ဆွေများက HOTEL (ဟိုတယ်လုပ်ငန်း)၊ Restaurant (စားသောက်ဆိုင်လုပ်ငန်း)၊ Entertainment(ဖျော်ဖြေမှုလုပ်ငန်း)တို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ တံဆိပ်အမည်အမှတ်အသားအား မိမိတို့မူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် ၂၅-၁-၂၀၁၂ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ်-(၁၁၂၇/ ၂၀၁၂)အရ မှတ်ပုံတင် ထားပြီးလည်းဖြစ်ပါသည်။ အထက်ပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ဖော်ပြပါမိမိတို့လုပ်ငန်းအလို့ငှာ အရွယ်အမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် လက်ကမ်းကြော်ငြာများ၊ ပိုစတာများ၊ ဆိုင်းဘုတ်များ၊ အိတ်များ၊ စက္ကူကတ်များ၊ စက္ကူဘူးများလုပ်ငန်းသုံးပစ္စည်းများတို့အပေါ်တွင် ရိုက်နှိပ်ဖော်ပြပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားကို ကျွန်ုပ်၏ မိတ်ဆွေများမှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ တံဆိပ်တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်းမပြုကြရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တုပပြုလုပ်သုံးစွဲမှုပြုနေသည်ကို တွေ့ရှိရပါက ဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိသာရန် အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးမျိုးဟန် (စဉ်-၁၇၅၁)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၁၉၆၊ ပ-ထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဆောင်းပါးရှင်အာဘော်

မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်

တက္ကသိုလ်ဟန်စိုးဦး

မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်ဆိုတဲ့ မြန်မာစကားပုံတွေဟာ အခွင့်အလမ်းကောင်းတွေ ဖြစ်ပေါ်နေတဲ့အချိန်မှာ အခြေအနေကို အမိအရ အသုံးချဖို့ လမ်းညွှန်ပြသတဲ့တန်ဖိုးကြီးလှတဲ့ စကားပုံ ဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးနဲ့စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်ရလာပြီး နိုင်ငံတကာအသိုက်အဝန်းနဲ့ ထိတွေ့ဆက်ဆံမှုအားကောင်းလာသလို ကမ္ဘာ့စီးပွားရေးအပြောင်းအလဲကာလမှာ နိုင်ငံအတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းကောင်းတွေ ဖြစ်ပေါ်နေတာကို အမိအရလက်မလွတ်တမ်း ရယူသွားနိုင်စေဖို့ Bai Ming ရဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းကြီးများ အရှေ့တောင်အာရှနိုင်ငံများသို့ ပြောင်းရွှေ့လာခြင်းဆောင်းပါးကို အခြေပြုပြီး ရေးသားဖော်ပြခြင်းဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေ အရှိန်အဟုန်ကောင်းကောင်းနဲ့ ရရှိနေခဲ့တဲ့အချိန်တုန်းက တရုတ်နိုင်ငံဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ အများအပြားလက်ခံရရှိခဲ့ပြီး ကမ္ဘာပေါ်မှာ ကုန်ပစ္စည်းအများဆုံးထုတ်လုပ်တဲ့နိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း အဲဒီအချိန်တုန်းက တရုတ်နိုင်ငံကို ကမ္ဘာ့စက်ရုံကြီးလို့တောင် တင်စားခေါ်ဝေါ်ခဲ့ကြသလို တရုတ်နိုင်ငံက ထုတ်လုပ်တဲ့ (Made in China)ဆိုတဲ့ ကုန်ပစ္စည်းတွေဟာ ကမ္ဘာအနှံ့ကို ဖြန့်ကြက်ခရီးဆန့်ခဲ့ကြပါတယ်။

မကြာသေးတဲ့ကာလတွေ အတွင်းမှာတော့ ကမ္ဘာ့စီးပွားရေးနယ်ပယ်မှာ တရုတ်နိုင်ငံရဲ့ အနေအထားဟာ အပြောင်းအလဲတွေနဲ့ ပိုမိုကြုံတွေ့လာခဲ့ရာမှာ တရုတ်နိုင်ငံကိုယ်တိုင်က အခြားနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနဲ့ အမျိုးသားစာရင်းအင်းဗျူရိုတို့က ထုတ်ပြန်တဲ့စာရင်းအရ ၂၀၁၁ ခုနှစ်အတွင်း တရုတ်နိုင်ငံက ပြည်ပနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်းဟာ ၇၄ ဒသမ ၆၅ ဘီလီယံ ဒေါ်လာအထိရှိခဲ့ပါတယ်။ ဒီပမာဏအထဲက ၅ ဒသမ ၉၁ ဘီလီယံဒေါ်လာဟာ အရှေ့တောင်အာရှနိုင်ငံတွေမှာ သွားရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပြီး ဒီရင်းနှီးမြှုပ်နှံမှုနှုန်းထားဟာ နှစ်စဉ် ၃၄ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လျက်ရှိပါတယ်။ အခု အပြောင်းအလဲတွေကိုကြည့်ရင် ကုန်ပစ္စည်းထုတ်လုပ်သူတွေဟာ သူတို့လုပ်ငန်းတွေကို တရုတ်နိုင်ငံကနေ အရှေ့တောင်အာရှနိုင်ငံတွေဆီကို ရွှေ့ပြောင်းနေကြတယ်ဆိုတာ မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။

တစ်နည်းပြောရရင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအပြောင်းအလဲဖြစ်စဉ်ရဲ့ အကျိုးရလဒ်အဖြစ် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေဟာ တရုတ်နိုင်ငံထက် အရှေ့တောင်အာရှနိုင်ငံတွေကို မျက်စိကျလာကြတာကို တွေ့မြင်နိုင်ပါတယ်။ ဥပမာအနေနဲ့ပြရရင်နာမည်ကြီး Nike ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်း ဖြစ်ပါတယ်။ ၂၀၀၁ ခုနှစ်တုန်းက တစ်ကမ္ဘာလုံးအတွက် Nike ရဲ့ ထုတ်လုပ်မှုအချိုးကို ကြည့်ရင် တရုတ်နိုင်ငံက ၄၀ ရာခိုင်နှုန်းနဲ့ ဗီယက်နမ်နိုင်ငံက ၁၃ ရာခိုင်နှုန်း အသီးသီးရှိခဲ့ပါတယ်။ ဒါပေမယ့် ၁၀ နှစ်အကြာ ၂၀၁၀ ပြည့်နှစ်မှာတော့ ဒီအချိုးဟာ တရုတ်နိုင်ငံက ၃၄ ရာခိုင်နှုန်းပဲ ရှိတော့ပြီး ဗီယက်နမ်နိုင်ငံက ၃၇ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပါတယ်။ ဒါ့အပြင် အခြားနာမည်ကြီး Adidas ဖိနပ်ထုတ်လုပ်ရေးလုပ်ငန်းဟာ တရုတ်နိုင်ငံမှာ တစ်ခုတည်းသာရှိတဲ့ ဆူကျိုးမြို့ (Suzhou) က စက်ရုံကို မကြာမီကာလအတွင်း မြန်မာနိုင်ငံကို ပြောင်းရွှေ့ပြီး ထုတ်လုပ်မှုတွေပြုလုပ်သွားဖို့ စီစဉ်နေပါတယ်။ အလားတူ ချည်မျှင်နှင့် အထည်လုပ်ငန်း အတော်များများဟာလည်း ထုတ်လုပ်မှုလုပ်ငန်းအားလုံး (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းကို တရုတ်နိုင်ငံပြင်ပသို့ ရွှေ့ပြောင်းဖို့ စီစဉ်နေကြပြီဖြစ်ပါတယ်။ အခုလို ပြောင်းရွှေ့နေကြတာကို "စက်မှုလုပ်ငန်းများ အကြီးအကျယ်ပြောင်းရွှေ့မှု"အဖြစ် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခေါ်ဆိုခဲ့ပြီး ဒီပြောင်းရွှေ့မှုတွေဟာ ရေရှည်ဆက်လက်ဖြစ်ပေါ်နေမယ့် အနေအထားမှာရှိပါတယ်။

ဒီလိုစီးပွားရေးလုပ်ငန်းအပြောင်းအရွှေ့တွေ ဖြစ်လာရတဲ့ အကြောင်းတွေမှာ ကမ္ဘာ့စီးပွားရေးအနေအထား အပြောင်းအလဲတွေကြောင့်လည်း ဖြစ်သလို တရုတ်နိုင်ငံရဲ့ ပင်ကိုရွေးချယ်မှုတွေလည်း ပါဝင်နေပါတယ်။ ကမ္ဘာပေါ်မှာ ကုန်သွယ်မှုအများဆုံးပြုလုပ်တဲ့ တရုတ်နိုင်ငံဟာ ၂၀၁၀ ပြည့်နှစ်လောက်ကစပြီး ကုန်သွယ်ရေးအရ ပဋိပက္ခတွေနဲ့ ပိုမိုကြုံတွေ့လာခဲ့ရပါတယ်။ ၂၀၁၀ ခုနှစ်အကုန်မှာ တရုတ်နိုင်ငံဟာ သူ့ရဲ့ထုတ်ကုန်ပစ္စည်းတွေကို နိုင်ငံခြား တိုင်းပြည်တွေမှာ ဈေးကွက်ပေါက်ဈေးထက်လျှော့ရောင်းတယ်ဆိုပြီး စစ်ဆေးမှုတွေကို ၁၆ နှစ်ဆက်တိုက် ပြုလုပ်ခံခဲ့ရသလို အစိုးရအနေနဲ့ ပြည်တွင်းထုတ်လုပ်သူတွေအတွက် သက်သာမှုတွေ ပေးအပ်တယ်ဆိုတဲ့ စွပ်စွဲချက်တွေကိုလည်း အခြားနိုင်ငံတွေထက် ပိုမိုခံခဲ့ရပါတယ်။ ကမ္ဘာ့စီးပွားရေးအင်အားကြီးတွေဖြစ်တဲ့ အမေရိကန်နိုင်ငံနဲ့ အီးယူအဖွဲ့ကြီးတို့ဟာ သူတို့နဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးအရ မညီမမျှ တစ်ဖက်စောင်းနင်းဖြစ်နေတာတွေ လျော့နည်းလာစေဖို့အတွက် တရုတ်နိုင်ငံသုံးယွမ်ငွေတန်ဖိုးချဖို့အပါအဝင် ဖိအားမျိုးစုံပေးလာခဲ့ကြပါတယ်။ သူတို့အနေနဲ့ တရုတ်နိုင်ငံက သွင်းကုန်တွေကို လျှော့ချခဲ့မယ်ဆိုရင် အဲဒီနေရာမှာအစားထိုးဖို့ အခြားပို့ကုန်နိုင်ငံတွေကို မှီခိုရမှာ ဖြစ်ပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်ရေးနယ်ပယ်မှာ တရုတ်နိုင်ငံနဲ့ယှဉ်နိုင်တဲ့ တစ်ခုတည်းသောဒေသကတော့ အရှေ့တောင်အာရှပဲ ဖြစ်ပါတယ်။

တရုတ်နိုင်ငံ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေ စတင်အကောင်အထည်ဖော်ခဲ့တဲ့ အချိန်တုန်းက နိုင်ငံရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ဈေးသက်သာပြီး ကျွမ်းကျင်မှုသိပ်မလိုတဲ့ အလုပ်သမားအင်အားစု အမြောက်အမြားရှိနေမှုအပေါ် အခြေခံခဲ့တာဖြစ်ပါတယ်။ ဒီအင်အားစုတွေနဲ့ ဈေးနှုန်းသက်သာပြီး အရည်အသွေးအသင့်အတင့်သာရှိတဲ့ ကုန်ပစ္စည်းတွေကို အမြောက်အမြားထုတ်လုပ်ရောင်းချခဲ့ပါတယ်။ ဒါပေမယ့် မကြာသေးမီကာလတွေအတွင်းမှာတော့ တရုတ်နိုင်ငံသားတွေရဲ့ဝင်ငွေဟာ တဖြည်းဖြည်းမြင့်မားလာခဲ့သလို အနိမ့်ဆုံးလုပ်ခလစာတွေဟာလည်း မြင့်တက်လာခဲ့ပါတယ်။ အခုဆိုရင် တရုတ်နိုင်ငံပြည်မကြီးမှာရှိတဲ့ အလုပ်သမားတွေရဲ့ လုပ်ခလစာဟာ အရှေ့တောင်အာရှဒေသရှိ နိုင်ငံအချို့ထက်ပဲ သက်သာမှုရှိတော့တာကို တွေ့ရပါတယ်။ ဥပမာအချို့နှိုင်းယှဉ်ပြရရင် တရုတ်တစ်နိုင်ငံလုံးမှာ စံချိန်တင်အမြင့်မားဆုံးဖြစ်တဲ့ ကွမ်တုန်းပြည်နယ် ရှန်းကျန့်မြို့မှာရှိတဲ့ အလုပ်သမားတစ်ဦးရဲ့ လစဉ်လုပ်အားခဟာ ယွမ်ငွေ ၁၅၀၀ (၂၃၈ ဒေါ်လာ)ရှိပါတယ်။ ဒီအလုပ်သမားလစာတွေဟာ ကမ္ဘောဒီးယားနိုင်ငံအလုပ်သမားလစာထက် ၂၂၄ ဒသမ ၈ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံ အလုပ်သမားလစာထက် ၁၉၅ ဒသမ ၃ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံ အလုပ်သမားလစာထက် ၂၀၆ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးမြင့်မားနေပါတယ်။

ဒါ့အပြင် ယွမ်ငွေတန်ဖိုးမြင့်တက်မှု၊ ကုန်ကြမ်းပစ္စည်းတွေ အဆမတန်ဈေးမြင့်မားလာမှုနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် ဖိအားပေးလာမှုနဲ့ တင်းကျပ်လာတဲ့ စည်းမျဉ်းစည်းကမ်းတွေကြောင့် တရုတ်နိုင်ငံမှာ ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းတွေဟာ အမြတ်ငွေ အမြောက်အမြားရရှိနိုင်ဖို့ ပိုမိုခက်ခဲလာခဲ့ပါတယ်။ ဒီအချက်တွေကြောင့် အရှေ့တောင်အာရှနိုင်ငံတွေဟာ ရင်းနှီးမြှုပ်နှံသူတွေအတွက် ဆွဲဆောင်မှုအသစ်တွေ ဖြစ်လာခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ ကုန်ပစ္စည်းထုတ်လုပ်ရာ အဓိကဒေသကြီးတွေဖြစ်ခဲ့တဲ့ နိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းဒေသတွေဟာ အခုဆိုရင် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာမြင့်မားတဲ့ တန်ဖိုးမြင့်စက်မှုထုတ်ကုန်ပစ္စည်းတွေ ပြောင်းလဲထုတ်လုပ်ဖို့ ကြိုးပမ်းလာကြပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာရှိကြတဲ့ လုပ်အားအခြေပြုကုန်ထုတ်လုပ်ငန်းတွေဟာ အခြားနေရာတွေကို ရွှေ့ပြောင်းလာကြပါတယ်။ အချို့လုပ်ငန်းတွေဟာ လုပ်အားခသက်သာတဲ့ တရုတ်နိုင်ငံအလယ်ပိုင်းနဲ့ အနောက်ပိုင်းဒေသတွေဆီ ပြောင်းရွှေ့ကြပြီး အချို့လုပ်ငန်းတွေကတော့ အရှေ့တောင်အာရှဒေသဆီ ခြေဦးလှည့်ခဲ့ကြပါတယ်။ ဒီလိုရွှေ့ပြောင်းကြတာကလည်း အရှေ့တောင်အာရှနိုင်ငံတွေဟာ ရင်းနှီးမြှုပ်နှံမှုတွေကို ဆွဲဆောင်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေကြတာရယ်၊ စက်ပစ္စည်းနဲ့ ယန္တရားတွေအတွက် အခွန်လျှော့ချပေးခြင်း၊ အခွန်ကင်းလွတ်ခွင့်ပေးခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် ဆွဲဆောင်မှုရှိတဲ့မူတွေ ချမှတ်ပေးလာတာကြောင့် ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ် အာရှငွေကြေး အကျပ်အတည်း ဖြစ်ပွားတဲ့အချိန်မှာ အာဆီယံနိုင်ငံတွေဟာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းရဲ့ နှစ်ရာခိုင်နှုန်းခန့်သာ ရရှိခဲ့ပေမယ့် အခုအချိန်မှာ ၇ ဒသမ ၆ ရာခိုင်နှုန်းအထိ ရှိလာခဲ့တဲ့အတွက် တရုတ်နိုင်ငံ ရရှိထားတဲ့ ၈ ဒသမ ၁ ရာခိုင်နှုန်းအထိ နီးပါးရောက်ရှိလာခဲ့ပါတယ်။

အခုဆိုရင် မြန်မာနိုင်ငံမှာ နိုင်ငံရေးနဲ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေ အကောင်အထည်ဖော်ခဲ့တာ နှစ်နှစ်နီးပါးရှိခဲ့ပြီဖြစ်ပြီး အရှိန်လည်းအတော်လေး ရရှိနေပြီဖြစ်ပါတယ်။ ဒီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေကို တည်ငြိမ်အေးချမ်းစွာနဲ့ အောင်အောင်မြင်မြင် ဖော်ဆောင်နိုင်ခဲ့ခြင်း (peaceful transformation) အပေါ် နိုင်ငံတကာအသိုက်အဝန်းက ချီးကျူးပြောဆိုခဲ့ကြပါတယ်။ ဒါ့အပြင် ပြုပြင်ပြောင်းလဲမှုရဲ့ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံဟာ နိုင်ငံတကာမိသားစု အသိုက်အဝန်းနဲ့ ချစ်ခင်ရင်းနှီးစွာဆက်ဆံမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်တွေ အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် အခုဆိုရင် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ခင်ရင်းနှီးစွာဆက်ဆံရေးဆိုတဲ့ မြန်မာ့နိုင်ငံခြားရေးမူဝါဒဟာ အရှိန်သွက်လက်လှုပ်ရှားနေတာကို တွေ့မြင်နိုင်ပါတယ်။ စီးပွားရေးကဏ္ဍမှာလည်း လာမယ့် ငါးနှစ်အတွင်း စီးပွားရေး တိုးတက်မှုနှုန်း နှစ်စဉ် ၇ ဒသမ ၇ ရာခိုင်နှုန်းရှိလာစေဖို့ စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၃၀ ပြည့်နှစ်အရောက်မှာ နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်တစ်ရပ် ဖြစ်လာစေဖို့လည်း ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံဟာ သဘာဝသယံဇာတ အရင်းအမြစ်တွေ ပေါများကြွယ်ဝခြင်း၊ စိုက်ပျိုးရေးဖြစ်ထွန်းအောင်မြင်ဖို့ သမမျှတတဲ့ရာသီဥတုနဲ့ ရေခံမြေခံကောင်းတွေရှိခြင်းတို့ကြောင့် ကမ္ဘာ့အလယ်မှာ ထင်ရှားကျော်ကြားတဲ့နိုင်ငံဖြစ်ပါတယ်။ မြန်မာအစိုးရရဲ့ စီးပွားရေးရည်မှန်းချက်တွေ အောင်မြင်စေဖို့ ပြည်တွင်းကြိုးပမ်းမှုတွေအပြင် ကမ္ဘာ့နိုင်ငံတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ဝိုင်းဝန်းပံ့ပိုးကူညီမှုတွေ ပြုလုပ်နေပြီဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ ရည်မှန်းချက်တွေ အောင်မြင်ရေးဟာ လက်တစ်ကမ်းမှာ ရောက်ရှိနေပြီလို့တောင် ပြောနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလအတွင်း အသစ်ပြဋ္ဌာန်းလိုက်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ ပေးအပ်ထားတဲ့ အခွန်ကင်းလွတ်ခွင့်တွေအပါအဝင် အထူးအခွင့်အရေးတွေဟာ အရှေ့တောင်အာရှအိမ်နီးချင်းနိုင်ငံတွေက ပေးအပ်ထားတဲ့ အထူးအခွင့်အလမ်းတွေထက် မလျော့နည်းတာကို တွေ့ရှိရပါတယ်။ ဒီဥပဒေသစ် ထွက်ပေါ်လာစဉ်မှာ နိုင်ငံတကာစီးပွားရေးအသိုက်အဝန်းက အပြုသဘော တုံ့ပြန်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ လူဦးရေအများဆုံးရှိတဲ့ နိုင်ငံကြီး နှစ်နိုင်ငံရယ်၊ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုတွေရရှိနေတဲ့ အာဆီယံဒေသကြီး အကြားမှာ မဟာဗျူဟာမြောက် တည်ရှိနေခြင်းနဲ့ ပင်လယ်ရေနက်ဆိပ်ကမ်းတွေ တည်ရှိတဲ့အတွက် မြန်မာနိုင်ငံမှာထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေဟာ ကမ္ဘာ့ဈေးကွက်တွေကို လွယ်ကူစွာဖြန့်ဖြူးနိုင်မယ့် အားသာချက်ကလည်း ရှိနေပါသေးတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ဖို့ နိုင်ငံတွင်းမှာ လာရောက်စုံစမ်းလုပ်ကိုင်နေသူတွေရော၊ ပြည်ပနိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးတွေမှာ လာရောက်ဆက်သွယ်စုံစမ်းမေးမြန်းနေသူတွေ များပြားလာတာဟာ အပြုသဘောဆောင်တဲ့ လက္ခဏာတွေ ဖြစ်ပါတယ်။

အခုလို ကမ္ဘာ့နိုင်ငံအများအပြားက ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဝင်ရောက်လာမယ့် အခြေအနေကောင်းတွေ ကြုံကြိုက်ရရှိနေတဲ့အချိန်မှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူပြည်သားတွေအားလုံးရဲ့ အကျိုးစီးပွားအတွက် နိုင်ငံတွင်းမှာ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ အခြေခံအဆောက်အအုံတွေ ပိုမိုတိုးတက်ကောင်းမွန်လာရေးဟာ အရေးတကြီးဆောင်ရွက်သွားကြရမယ့် လုပ်ငန်းတွေဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာစီးပွားရေးနဲ့ ဈေးကွက်ကို ထိန်းချုပ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ စီမံခန့်ခွဲမှုနည်းလမ်းတွေကိုလည်း ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီ လေ့လာဆည်းပူးနေကြခြင်းဖြင့် အခွင့်အလမ်းကောင်းတွေကို အမိအရ ရယူနိုင်ဖို့ ကြိုတင်ပြင်ဆင်ထားသင့်ကြကြောင်း၊ တစ်နည်းအားဖြင့် မိုးရွာတုန်းရေခံ၊ လသာတုန်းဗိုင်းငင်ကြဖို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

Junction Cineplex အဆင့်မြင့်ရုပ်ရှင်ရုံ

၁၅ . ၂ . ၂၀၁၃ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)

Junction Square	(Ph - 01 527 055)	
Sammy - 2 (3D)	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1: 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
ဝဋ်ကြွေး	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3: 30 ၊ 6 : 30 ၊ 9 : 30
ဥ	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30
Junction Maw Tin	**(Ph - 01 225 244)**	
Sammy - 2 (3D)	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1: 00 ၊ 4 : 00 ၊ 7 : 00
	သောကြာ ၊ စနေ	10 : 30 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 00
ဝဋ်ကြွေး	တနင်္ဂနွေ မှ ကြာသပတေး	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30
	သောကြာ ၊ စနေ	10 : 00 ၊ 12 : 30 ၊ 3 : 00 ၊ 6 : 00 ၊ 9 : 00
Junction Nay Pyi Taw	**(Ph - 067 421 615)**	
ဥ	နေ့စဉ်	10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၂-၂၀၁၃ (စနေနေ့)

၇း၀၃	တရားတော်
၇း၄၅	သာယာသီကြွေး ခေတ်ဆန်းတေး
၈း၁၀	ဇာတ်လမ်းတို
၁၁း၁၅	ကာတွန်းအစီအစဉ် -ကမ္ဘာကျော် အိပ်ရာဝင်ပုံပြင်များ အပိုင်း(၄၅)
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -နွေအရိပ် (မြင့်မြတ်၊ ရန်အောင်၊ မေသက်ခိုင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ဝိုင်း)
၁း၅၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၂၁)
၄း၅၅	ချစ်သူစုံတွဲ တူယှဉ်နွဲ
၅း၀၀	ကျန်းမာသုတ
၅း၃၀	ရွှေလမ်းငွေလမ်း သူဌေးလမ်း
၆း၁၀	စားဖိုဆောင်ချစ်သူ
၇း၅၅	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန် (အပိုင်း-၅) -လူရွှင်တော်စတား -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "Cross of Iron" အပိုင်း(၁) -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "နှုတ်ဖျားထက်ကသစ္စာ" အပိုင်း(၆၁)

လွှတ်တော်ရေးရာကဏ္ဍ

☆ **ပြည်ထောင်စုလွှတ်တော်မှ**

အရေးတကြီးလိုအပ်နေပါကြောင်း၊ ထို့ပြင် ဘဏ်လုပ်ငန်းများ နိုင်ငံတကာ အဆင့်မီဆောင်ရွက်ကြရာတွင် နိုင်ငံတော်ဗဟိုဘဏ်သည် ပင်ကိုအားဖြင့် သီးခြားလွတ်လပ်မှုရှိရန်လည်း လိုအပ်ပါကြောင်း၊ အခွန်ကောက်ခံမှုမူဝါဒ အနေဖြင့် အခွန်ထမ်းပြည်သူများ၏ အခက်အခဲကိုလေးနက်စွာ ထည့်သွင်းစဉ်းစားသည့် မူဝါဒကိုလည်း ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရန် အားပေးမည့် အခွန်မူဝါဒကိုသာ ကျင့်သုံးသင့်ပါကြောင်း၊ သို့ဖြစ်၍ ယခုဘဏ္ဍာနှစ် တွင်သာမက ရေရှည်ကျင့်သုံးနိုင်သည့် အခွန်မူဝါဒများ ချမှတ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်းက ဆွေးနွေးရာတွင် ကျန်းမာရေးကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးသည့် အပိုင်းနှင့် အသုံးပြုသည့်အပိုင်း အချိုးညီ ဆောင်ရွက်နိုင်ရန် နိုင်ငံတစ်ဝန်းရှိ လစ်လပ်နေရာများ၊ အမှန်တကယ်လိုအပ်နေသည့် နေရာများအတွက် မည်ကဲ့သို့ဖြည့်ဆည်းဆောင်ရွက်မည်ဆိုသည်ကို စီမံကိန်း တိတိကျကျရေးဆွဲပြီး လျာထားသင့်ပါကြောင်း၊ နိုင်ငံတော်ဘက်က ဘတ်ဂျက်ကို အတိုင်းအတာတစ်ခုအထိ တိုးမြှင့်လျာထားပေးသော်လည်း ယနေ့ဆေးရုံများတွင် ဆေးဝါးလုံလောက်မှုမရှိသေးသည်ကို တွေ့နေရပါကြောင်း၊ ဆေးရုံ ဆေးခန်းများအတွက် ဆေးဝါးလျာထားချက်အစီအစဉ်ကို အမျိုးသားစီမံကိန်းတွင် မတွေ့ရပါကြောင်း၊ ဆေးဝါး လုံလောက်မှုရှိစေရန် ဆေးဝါးဝယ်ယူဖြည့်တင်းရေးစီမံကိန်းများကို ဆေးရုံအလိုက်ကျကျနန ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် နှစ်စကပင် လအလိုက်မည်ကဲ့သို့ အကောင်အထည်ဖော်မည်ဆိုသည်ကို တိကျရှင်းလင်းပြတ်သားစွာ စီမံကိန်း၌ ထည့်သွင်းထားရန်လိုပါကြောင်း၊ သုံးသပ်တင်ပြရလျှင် ပြည်သူများ၏ လက်တွေ့လိုအပ်ချက်ကို ဖော်ဆောင်ပေးနိုင်မည့် စီမံကိန်းများမဖြစ်သေးသည်ကို တွေ့ရှိရပါကြောင်း၊ အမှန်မှာ ပြည်သူ့လိုအပ်ချက်များကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု စသည်တို့ဖြင့် အဆင့်ဆင့်ဖော်ထုတ်ပြီး မည်ကဲ့သို့ လက်တွေ့ဖြည့်ဆည်းပေးမည်ဆိုသည်ကို ပြည်သူဗဟိုပြုစီမံရေးဆွဲထားသော စီမံကိန်းများဖြစ်အောင် ပြုပြင်ရေးဆွဲပေးရန် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ ရှင်းပြစဉ်။ (ကြေးမုံ)

ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ရှင်းပြစဉ်။ (ကြေးမုံ)

ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင်က "၂၀၁၃-၂၀၁၄ အမျိုးသားစီမံကိန်းဥပဒေကြမ်းအပေါ် လေ့လာမိသလောက် စီမံကိန်းဟာ ပုံစံဟောင်းအတိုင်း ပြောင်းလဲမှုသိပ်မရှိဘူးလို့မြင်ပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်အရ ဒီထက်ပိုတိကျတဲ့ စီမံကိန်းဖြစ်ဖို့လိုပါတယ်။ ပြည်သူအတွက် ရည်မှန်းချက် ကောင်းကောင်းနဲ့ ရေးဆွဲဖို့လိုပါတယ်။ အရင်ကအတိုင်း စီမံကိန်းဆိုရင် ဒါတွေပါရမယ်ဆိုတဲ့ ပုံစံဟောင်းအတိုင်းမကူးချဘဲ သေချာစာရင်းကောက်ယူပြီးတော့ လိုအပ်ချက်တွေကို ဘက်စုံထောင့်စုံက လေ့လာရေးဆွဲဖို့လိုပါတယ်။ ကိုယ်စားလှယ်အတော်များများ ဆွေးနွေးကြတာကတော့ ပြည်သူတွေအတွက် အမှန်တကယ်လိုအပ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ မိမိတို့ဒေသအတွက် လိုအပ်ချက်တွေကို အဓိကထား ဆွေးနွေးကြတာတွေ့ရပါတယ်"ဟု အကြံပြုပြောပြခဲ့သည်။

ထို့ပြင် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီကလည်း "အမျိုးသားစီမံကိန်းဆိုတာ အများပြည်သူတွေအတွက် အမှန်တကယ်အကျိုးစီးပွားဖြစ်ဖို့၊ လက်တွေ့ကျကျဖြစ်လာဖို့ လိုအပ်ပါတယ်။ အစိုးရသစ် တက်လာပြီးတဲ့နောက် ဒီစီမံကိန်းမှာပါလာတာကတော့ ကျန်းမာရေးကဏ္ဍအနေနဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့မှာ လူငယ်တွေအလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဆေးတက္ကသိုလ်တစ်ခု တည်ဆောက်ဖို့ အစီအစဉ်ဟာ အင်မတန် ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ အမြင်အမျိုးမျိုးရှိကြပေမယ့် လူငယ်တွေရဲ့အခွင့်အလမ်းအတွက် လွှတ်တော်ကိုယ်စားလှယ် အတော်များများက ဒီစီမံကိန်းကို ဆောင်ရွက်စေချင်တဲ့ဆန္ဒတွေရှိကြပါတယ်"ဟု သုံးသပ်ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ် ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆု ကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ် ချီးမြှင့်နိုင်ရန် စာအုပ်/စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ သတ္တမအကြိမ် ၂၀၁၂ ခုနှစ်အတွက် ဆုများချီးမြှင့်ရန် ရွေးချယ်ထားသည့် စာအုပ်/စာမူစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

၂၀၁၂ ခုနှစ် ထွန်းဖောင်ဒေးရှင်းတစ်သက်တာ စာပေဆုရှင်အဖြစ် ကွယ်လွန်သူစာရေးဆရာကြီး စည်သူ ဒေါက်တာကျော်စိန်အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုတွင် စီးပွားရေးဘာသာရပ်၌ သက်ထွန်းဦး၏ စတော့ရှယ်ယာဈေးကွက်အခင်းအကျင်း၊ ကျန်းမာရေး၌ ဒေါက်တာသန်းထွဋ်၏ အိမ်သားသမားတော်၊ သမိုင်း၌ တင်နိုင်တိုး၏ မြန်မာမင်းများလက်ထက် သံတမန်ဆက်ဆံရေး၊ ယဉ်ကျေးမှု၌ ဦးမြင့်ကြည်၏ စာပေနှင့်ဂီတ ဂီတနှင့်စာပေ၊ ရှေးဟောင်းကျမ်း၌ ထွန်းရီ(ရှေးဟောင်းသုတေသီ)၏ နန်းသုံးယာဉ်ပရိဘောဂနှင့် နန်းမှုပဒေသာကျမ်း၊ ရည်ညွှန်းကျမ်း(ဝိဇ္ဇာ) ဘာသာရပ်၌ မောင်ဝံသ၏ ခေတ်မီနိုင်ငံရေး ဝေါဟာရအဘိဓာန်၊ ရည်ညွှန်းကျမ်း(သိပ္ပံ)ဘာသာရပ်၌ နွေကိုတူး(ပခုက္ကူ)၏ အာကာသအဘိဓာန်၊ ကလေးစာပေ(စကားပြေ)၌ မောင်ဆန္ဒ(လယ်ဝေး)၏ မောင်တို့မယ်တို့ဖတ်ဖို့ သုတပညာ အလိမ္မာလမ်းညွှန်၊ ကလေးစာပေ(ကဗျာ)၌ မောင်သာလင်း၏ အမေ့ကမ္ဘာ ကလေးကဗျာ၊ လူငယ်၌ တင်ညွန့်၏ လူငယ်နှင့် အတွေးအမြင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ မောင်ထွန်းလွင်(မိုးလေဝသ)၏ လာပါတော့၊ အခါခါမော့၊ မာလာကြော့၊ မျှော်ပေါ့မိုးရာသီ၊ စာပဒေသာဘာသာရပ်၌ မောင်ကိုကို(အမရပူရ)၏ တို့ဘုရားကိုတို့ဖူးပြီးနှင့် သုတပဒေသာဘာသာရပ်၌ ဉာဏ်ဝင်း(ဇီးကုန်း)၏ မော်ဒန်ဒီပလိုမေစီတို့ ရရှိကြသည်။

မြန်မာစာမူဆုတွင် ရည်ညွှန်းဘာသာရပ်၌ သန်းထွန်း(မော်လမြိုင်)၏ မြန်မာနိုင်ငံသမိုင်းစဉ်ထဲက အတ္ထုပ္ပတ္တိအဘိဓာန်(၁၉၂၀-၁၉၈၈)၊ အတ္ထုပ္ပတ္တိ၌ မောင်ဇရာ၏ ပညာမင်းကြီးစည်သူဦးကောင်း၊ သမိုင်း၌ ခင်နှင်းဦး၏ ဂျပန်ခေတ်အကြောင်း စာအုပ်စာတမ်းများ၊ အင်္ဂလိပ်စာမူဆုတွင် ရှေးဟောင်းကျမ်း၌ Saw Mra Aung ဘာသာပြန်ဆိုသော The Chronicle of the Mons & The Collection of Histories of their Pagodasတို့ ရရှိကြသည်။

တစ်သက်တာစာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကိုသာ ချီးမြှင့်မည်ဟုသိရသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆု ချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်သည့် အခမ်းအနားကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။ ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅ နှင့် ၀၉-၇၃၁၀၄၄၈၇ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် ထုတ်ဝေသည့်စာအုပ်များနှင့် မိမိကိုယ်တိုင်ရေးသားပြုစုထားသော စာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ စက်တင်ဘာလ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၃) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပထမအကြိမ် ရောဝတီတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၁၃)ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ခေတ္တဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၆၆)ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ၅-၂-၂၀၁၃ ရက်စွဲဖြင့် ပေးပို့သည့် သဝဏ်လွှာအား ခေတ္တဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက ဖတ်ကြားခြင်း၊ လစ်လပ်သွားသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာအတွက် ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုးအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ခေတ္တဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်းက တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဦးတင်စိုးထံသို့ တာဝန်လွှဲပြောင်းပေးအပ်ခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားခြင်း၊ ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောမူအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီးအဖြစ် အစားထိုး ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်က သဘောတူကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ပြီး မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် အရေးပေါ်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၂-၂၀၁၃ (စနေနေ့)

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၀ SEA Games လှူဆော်ရေး ဇာတ်လမ်းတို "ဘာလုပ်မှာလဲပြော" (အရိုင်း၊ ရော၊ ကင်းကောင်၊ မိုးပြည့်ပြည့်မောင်၊ ယွန်းရွှေရည်) (ဒါရိုက်တာ-ကျော်ဇောဟိန်း)

၁း၁၅ "ဗထူးဘောလုံးအားကစားကွင်း" (မန္တလေးမြို့)

၂း၀၀ "လူမှန်နေရာမှန်" (အပိုင်း - ၁) (မင်းမော်ကွန်း၊ဝက်မ၊မိုးတိမ်၊ ရွှေသွေး၊လန်ဒန်၊ ဒွဲဒိုး၊ ငွေတိုး၊ ဆည်းဆာ၊ စူပါလင်း၊ ဆန်းဒေး၊ ထက်ထက်ဝင်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)

၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-လောကနီတိ "မင်းကြောင့်၊ ငါ့ကြောင့်၊ သူ့ကြောင့်"
-ပျော်ရွှင်စေသောနေ့ရက်များ "ကြောင်နှင့်ကြွက်" (အပိုင်း-၈) (မြင့်မြတ်၊သက်မွန်မြင့်) (ဒါရိုက်တာ - စိုးကျော်ဆန်း)

သမဝါယမတက္ကသိုလ်(သန်လျင်) ဒီပလိုမာအပ်နှင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

သမဝါယမတက္ကသိုလ်(သန်လျင်)၏ ပဥ္စမအကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲနှင့် ဒီပလိုမာသင်တန်းခွဲ၏ ဒွါဒသမအကြိမ်မြောက် ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် DBA ရရှိသူ ၂၀၅ ဦး၊ DBM ရရှိသူ ၉၃ ဦး၊ DMM ရရှိသူ ၁၁၃ ဦး၊ ကွန်ပျူတာဒီပလိုမာ ရရှိသူ ၅၅ ဦးနှင့် အင်္ဂလိပ်စာဒီပလိုမာရရှိသူ ၂၄၄ ဦး စုစုပေါင်း ၇၁၀ ဦးအား ဒီပလိုမာဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးခရိုင် အထွေထွေရောဂါကုဆေးရုံကြီး လူနာဆောင်တွင် တက်ရောက်ကုသနေသူများအား လှည့်လည်လကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❖ ရွှေဖိုးမှ

တစ်အုပ်တစ်မအဆင့်ထိ လုပ်ဆောင်သွားရန်တို့ကိုလည်း ထည့်သွင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကလေးတက္ကသိုလ်သို့ ရောက်ရှိရာ တာဝန်ခံပါမောက္ခချုပ် ဦးမြင့်ဆွေနှင့် ပါမောက္ခ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။ ထို့နောက် ကဘော်ခန်းမ၌ တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ခံပါမောက္ခချုပ် ဦးမြင့်ဆွေက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပညာရည်မြင့်မားရေး လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ပညာရေးသည် တိုင်းပြည်တည်ဆောက်ရာတွင် အလွန်အရေးကြီးပါကြောင်း၊ ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းသည် တိုင်းပြည်အတွက် အကျိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုပင် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေး ဘတ်ဂျက်အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလျက်ရှိပါကြောင်း၊ နိုင်ငံ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေပါကြောင်း၊ ယခင်က ပညာရေးကဏ္ဍ နိမ့်ကျနေရခြင်းမှာ ဘတ်ဂျက်အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲနိုင်မှု မရှိခြင်း၊ ပိတ်ဆို့မှုများကြောင့် ပြည်ပနိုင်ငံများသို့ ပညာသင်များ စေလွှတ်နိုင်မှုမရှိခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ယခင်က ပြည်ပရှိတက္ကသိုလ်ကြီးများတွင် ပညာဆည်းပူးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများမှာလည်း အသက်အရွယ် ကြီးရင့်ကြပြီဖြစ်၍ ပညာရေးမှာ ခါးဆက်ပြတ်သလိုဖြစ်ခဲ့ရပါကြောင်း။

ပညာရည်မြင့်မားရေးအတွက် လုပ်ဆောင်ရာတွင် မိမိနိုင်ငံတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရပါကြောင်း၊ အခြားနိုင်ငံများရှိ တက္ကသိုလ်များနှင့် ချိတ်ဆက်၍ ယင်းတက္ကသိုလ်များ၏ သင်ကြားလေ့ကျင့်ပေးမှုများကို နမူနာယူကာ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံမှ တက္ကသိုလ်များသည် ဂျွန်ဟော့ကင်းတက္ကသိုလ် အပါအဝင် ကိုရီးယား၊ ဂျပန်စသည့် နိုင်ငံများမှ တက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးဆုံးမှာ ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးပင် ဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့ အစိုးရအဖွဲ့၏ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို အခါအခွင့်ကြုံကြိုက်၍ ရှင်းလင်းပြောကြားလိုပါကြောင်း။

အစိုးရအဖွဲ့၏ ရည်မှန်းချက်မှာ ပြည်သူတို့၏ ဆန္ဒကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးရန်ပင် ဖြစ်ပါကြောင်း၊ သန်း ၆၀ သော ပြည်သူတို့၏ တူညီသောဆန္ဒဖြစ်သည့် နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးပြီး တည်ငြိမ်အေးချမ်းမှုရှိရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုတို့ကို စနစ်တကျ ဖော်ဆောင်နေပါကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးအဖွဲ့အစည်းများ အပါအဝင် ပြည်သူများအားလုံး ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီး အကျဉ်းကျခံရသူများလည်း ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အကျဉ်းသားသုံးသောင်းကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာ ခြောက်ကြိမ်အထိရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံတစ်ဝန်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိလာရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း။

စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရာတွင်လည်း နိုင်ငံကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများ စာရင်းဝင်အဖြစ်မှ ကျော်လွှန်လွတ်မြောက်အောင် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် သဘာဝအရင်းအမြစ်အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်များ နည်းပါးနေပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်နေပါကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများ ဖြေလျှော့ရုပ်သိမ်းလာစေရန် အတွက်လည်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် အရှေ့အနောက်မခွဲခြားဘဲ နိုင်ငံအားလုံးနှင့် သင့်တင့်အောင် ဆက်သွယ်ဆက်ဆံခဲ့သည့်အတွက် ယခုအခါ မိတ်ဆွေနိုင်ငံများပေါ်များလာပြီး စီးပွားရေးပိတ်ဆို့မှုများကိုလည်း အထိုက်အလျောက် ဖြေလျှော့ပေးမှုများ ရရှိလာပြီဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ တင်ပို့ခွင့်ရရှိလာပြီး ပို့ကုန်ဆိုင်ရာ အထူးခံစားခွင့် (GSP) လည်း မကြာမီ ရရှိလာတော့မည်ဖြစ်ပါကြောင်း။

စီးပွားရေးဖွံ့ဖြိုးမှု အစပျိုးလာရန်အတွက် လုပ်ဆောင်ရာတွင် အချိန်ယူ၍ ဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပထမဦးစွာ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိနိုင်မည့် စက်ရုံ၊ အလုပ်ရုံများအား မြို့ကြီးများသာမက နယ်မြို့များတွင်ပါ တည်ထောင်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့မှသာ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြသူများလည်း မိမိနိုင်ငံသို့ ပြန်လည်လာရောက် လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ ဒုတိယဦးစားပေးအနေဖြင့် ထွက်ကုန်များကို တန်ဖိုးမြှင့် (Value Added) လုပ်နိုင်မည့် အသေးစားနှင့် အလတ်စားစက်ရုံ (SME) များ ထူထောင်ရန် ဖြစ်ပါကြောင်း၊ တတိယအနေဖြင့် မိမိနိုင်ငံမှထွက်ရှိသည့် သတ္တုသယံဇာတများကို အသုံးပြု၍ အကြီးစားစက်မှုလုပ်ငန်းကြီးများ ထူထောင်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထအဆင့်တွင် သတင်းအချက်အလက် နည်းပညာဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးတက္ကသိုလ် ကဘော်ခန်းမ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ယင်းသို့ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျွမ်းကျင်လုပ်သားများ လိုအပ်လျက်ရှိရာ အဆိုပါကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်မည့် သင်တန်းကျောင်းများလည်း ထူထောင်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်များတွင် ကျွမ်းကျင်ပညာရှင်များ၊ လူ့စွမ်းအားအရင်းအမြစ်များလည်း များစွာ လိုအပ်မည် ဖြစ်ပါကြောင်း၊ ထိုလူသားအရင်းအမြစ်များကို ဆရာ ဆရာမများကသာ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ကြွယ်ဝလာစေရေးအတွက် အခြေခံရမည်မှာ ပညာရေးကဏ္ဍသာဖြစ်၍ ပညာရေးကဏ္ဍကို မြှင့်တင်ပေးရသူများမှာလည်း ဆရာ ဆရာမများပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် နေ့စဉ်ပြောင်းလဲ တိုးတက်နေသည့် ပညာရပ်များကို အစဉ်အမြဲ လေ့လာသင်ယူနေရန် လိုအပ်လာပြီဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ အရည်အချင်းပြည့်ဝနေမှုသာ မိမိတို့သင်ကြားပေးမည့် ကျောင်းသားကျောင်းသူများသည် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ပညာရပ်များကို အခြေခံတတ်မြောက်ပြီးဖြစ်သဖြင့် စဉ်ဆက်မပြတ် လေ့လာနေရန်သာလိုအပ်ပါကြောင်း၊ တပည့်များကို ပညာသင်ကြားပေးရာတွင်လည်း ဘွဲ့တစ်ခုရရှိရန်ထက် အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သူများဖြစ်လာရန် လေ့ကျင့်သင်ကြားပေးရန် ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်စွာတတ်မြောက်ရန်ကိုလည်း သင်ကြားပေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် ကျောင်းသား ကျောင်းသူများအား ပညာတတ်မြောက်ရုံမျှသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းလိုက်နာသူများ၊ မျိုးချစ်စိတ်ဓာတ်အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေသူများ ဖြစ်လာစေရန်လည်း သွန်သင်ညွှန်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားအားသာချက်တစ်ခုမှာ နိုင်ငံ၏ ပထဝီအနေအထားပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၃ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလတို့တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် မဂ္ဂါဝပ်ပေါင်း ၂၀၆၀ ခန့်အထိ ရှိလာမည်ဖြစ်သော်လည်း ၂၀၁၂ ခုနှစ် နွေရာသီက ကြုံတွေ့ခဲ့ရသည့် လျှပ်စစ်ဓာတ်အားလျော့နည်းမှု အကျပ်အတည်းမျိုး ထပ်မံမပေါ်ပေါက်စေရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများအနက် ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၇၉၀ မဂ္ဂါဝပ်နှင့် ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂၈၀ မဂ္ဂါဝပ်တို့၏ ရေလှောင်တမံများတွင် သိုလှောင်ထားသော ရေထုတ်ယူသုံးစွဲမှုအား မိုးမကျမီကာလများအထိ ပုံမှန်ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးကို ဦးတည်ပြီး ထုတ်လုပ်မှု အနည်းငယ်လျှော့ချ၍ ချိန်ညှိခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုလက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ၊ နိုင်ငံပိုင်စက်ရုံအလုပ်ရုံများအား နေ့စဉ်ညနေ ၄ နာရီမှ ည ၁၁ နာရီအထိ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရန် ကန့်သတ်ထားခဲ့သော်လည်း လုံလောက်မှုမရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနေရပ်ကွက်များကို ဓာတ်အားဖြတ်တောက်ခဲ့ရရာတွင် ဓာတ်အားပမာဏမှာ ၁၅၀ မဂ္ဂါဝပ်အထိရှိခဲ့ကြောင်း သိရသည်။

သို့သော် ရွာမဓာတ်အားပေးစက်ရုံ၏ အမှတ်(၂) ဓာတ်ငွေ့တာဘိုင်

နွေရာသီဓာတ်အားလုံလောက်စွာရရှိရေးအတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ဓာတ်အားပေးစက်ကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်လည်းကောင်း၊ လှော်ကားဓာတ်အားပေးစက်ရုံ၏ အမှတ်(၃)ဓာတ်ငွေ့ ဓာတ်အားပေး စက်ကို ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင်လည်းကောင်း၊ ပြန်လည်မောင်းနှင်၍ ဓာတ်အား ထုတ်လုပ်ပေးခဲ့ခြင်း၊ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံမှ စက်များကို ပိုမိုလည်ပတ်ပေးထားခြင်း၊ သောက်ရေခပ် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံသစ်မှ ဓာတ်အားထုတ်လုပ်မှုကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြတ်တောက်မှုမှာ ၅၀ မဂ္ဂါဝပ်အထိ ကျဆင်းသွားခဲ့ပြီး ဓာတ်အားဖြတ်တောက်ချိန်မှာလည်း နံနက် ၅ နာရီမှ ၇ နာရီ အကြားသာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် နွေရာသီ ဓာတ်အားလုံလောက်စွာ ရရှိရေးအတွက် ရွှေလီရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံမှ မူလ ၂၀၀ မဂ္ဂါဝပ်သာ ဝယ်ယူရာမှ ၃၀၀ မဂ္ဂါဝပ်သို့ တိုးမြှင့် ဝယ်ယူထားခြင်း၊ ၅၀ မဂ္ဂါဝပ် ဓာတ်ငွေ့အင်ဂျင်ဓာတ်အားပေးစက်များကို လှော်ကားစက်ရုံနှင့် ရွာမစက်ရုံတို့တွင် တပ်ဆင်လျက်ရှိခြင်း၊ (၂×၄၁ မဂ္ဂါဝပ်) ဓာတ်ငွေ့တာဘိုင် ဓာတ်အားပေးစက်နှင့် ၃၈ မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်များအား အလုံစက်ရုံတွင် တည်ဆောက်နေခြင်း စသည်ဖြင့် ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ဖြင့် လည်ပတ်သော ရွှေတောင်ဓာတ်အားပေးစက်ရုံမှ စက်တစ်လုံး၊ ကျွန်းချောင်း ဓာတ်အားပေးစက်ရုံမှ စက်နှစ်လုံး၊ မြန်အောင်ဓာတ်အားပေးစက်ရုံမှ စက်တစ်လုံးတို့ကို တိုးချဲ့မောင်းနှင် ထုတ်လုပ်ရန်၊ စက်မှုဇုန်စက်ရုံများအား ၂၀၁၂ ခုနှစ်နွေရာသီကာလကကဲ့သို့ အုပ်စုနှစ်ခုခွဲ၍ နေ့စဉ်တစ်အုပ်စုလျှင် ၅ နာရီနှုန်း အလှည့်ကျစနစ်ဖြင့် ဓာတ်အားပေးခြင်းဖြင့် ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဝေပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားက...
ရုပ်မြင်သံကြား ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်...

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ...ကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက် လည်းကေ... national Broadcasting Centre) ဆိုင်ရာ လုပ်ငန်း... ရွက်ရန်အတွက်လည်းကောင်း၊ အားကစားန... တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည... သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး... ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ည... မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း) သို့ ၂... နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိ... ဆက်သွယ်ရှင်းပြရမည့် နေ့ရက်ကို ထပ်မံသတ်မှတ် ပြ... ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံ...

လျှပ်စစ်သုံးလျှင် အသိယှဉ် ဆင်ခြင်...

...မ္မတ ဦးသိန်းစိန် ကလေးတက္ကသိုလ် ကဘော်ခန်းမ၌ ...ရာ ဆရာမများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

...င့်တွင် သတင်း ...းပညာဆိုင်ရာ ...ဖြိုးလာအောင် ...ပါကြောင်း။ ...များဆောင်ရွက် ...င်လုပ်သားများ ...ဆိုပါကျွမ်းကျင် ...တ်ပေးနိုင်မည့် ...ည်း ထူထောင် ...အပ်မည်ဖြစ်ပါ ...န်းခွင်များတွင် ...ား၊ လူ့စွမ်းအား ...ည်း များစွာ ...ကြောင်း၊ ထို ...များကို ဆရာ ... လေ့ကျင့် ...ပးရမည်ဖြစ်ပါ ...းအရင်းအမြစ် ...စရေးအတွက် ...ညာရေးကဏ္ဍ ...ရေးကဏ္ဍကို ...များမှာလည်း ...ဖြစ်ပါကြောင်း၊ ...နေဖြင့် နေ့စဉ် ...တက်နေသည့် ...့်အမြဲ လေ့လာ ...ပ်လာပြီဖြစ်ပါ ...မများ အရည် ...ာ မိမိတို့ ... ကျောင်းသား ...အရည်အချင်း

ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် ပညာရပ်များကို အခြေခံတတ်မြောက်ပြီးဖြစ်သဖြင့် စဉ်ဆက်မပြတ် လေ့လာနေရန်သာလိုအပ်ပါကြောင်း၊ တပည့်များကို ပညာသင်ကြားပေးရာတွင်လည်း ဘွဲ့တစ်ခုရရှိရန်ထက် အမှန်တကယ်ကျွမ်းကျင်တတ်မြောက်သူများဖြစ်လာရန် လေ့ကျင့်သင်ကြားပေးရန်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် အင်္ဂလိပ်ဘာသာကျွမ်းကျင်စွာတတ်မြောက်ရန်ကိုလည်း သင်ကြားပေးရန် လိုအပ်ပါကြောင်း။

ထို့အပြင် ကျောင်းသား ကျောင်းသူများအား ပညာတတ်မြောက်ရုံမျှသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းလိုက်နာသူများ၊ မျိုးချစ်စိတ်ဓာတ်အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေသူများ ဖြစ်လာစေရန်လည်း သွန်သင်ညွှန်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြားအားသာချက်တစ်ခုမှာ နိုင်ငံ၏ ပထဝီအနေအထားပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေးသည့် ပေါင်းကူးတံတားဖြစ်နေပြီး ပတ်ဝန်းကျင်တွင် ကြီးမားသည့်ဈေးကွက်များလည်း ရှိနေပါကြောင်း၊ အဓိကလိုအပ်နေသည်မှာ လူ့စွမ်းအား အရင်းအမြစ်သာဖြစ်၍ အဆိုပါအရင်းအမြစ်များ ဖွံ့ဖြိုးလာရန်အတွက် အချက်အချာကျသည့် ဒေသအလိုက်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များကို ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများက တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် တာဝန်ကျေအောင် သင်ကြားပေးကြရန်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှန်တကယ်ပညာတတ်မြောက်သူများ၊ နိုင်ငံ့သားကောင်းများ ဖြစ်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ ကလေးတက္ကသိုလ်တွင် ယခုပညာသင်နှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ နေ့သင်တန်းကျောင်းသား ကျောင်းသူ ၄၆၉၇ ဦးနှင့် အဝေးသင်တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၃၄၀၉ ဦး စုစုပေါင်း ၈၁၀၆ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးခရိုင်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်သန်းနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ကလေးကုသဆောင်နှင့် လူနာဆောင်တို့တွင် တက်ရောက်ကုသနေသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်သမ္မတသည် ဆရာဝန်၊ ဆရာမများအား တွေ့ဆုံရာ၌ ဆေးရုံတွင် လူနာများတက်ရောက် ကုသမှုအခြေအနေနှင့် ဒေသတွင်း၌ အဖြစ်များသော ရောဂါများအတွက် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးမေးမြန်းပြီး ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပြည်သူများ ကျန်းမာရေးအသိရှိရေး၊ ရောဂါကြိုတင်ကာကွယ်နည်းများကို သိရှိရေးနှင့် ဆေးဝါးကုသပေးရေးတို့ကို ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးရုံတက်ရောက်နေသူများကိုသာ ကုသပေးရန်မဟုတ်ဘဲ ဒေသခံပြည်သူများအားလုံး ကျန်းမာရေးအသိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာ ဆောင်ရွက်သွားရန် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်းသို့ ကွင်းဆင်း၍ ပညာပေးဟောပြောဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများ ကျန်းမာရေးအသိပညာများတိုးပွားလာခြင်းအားဖြင့် ဒေသတစ်ခုမှသည် တစ်နိုင်ငံလုံး ကျန်းမာရေးအဆင့် မြင့်မားလာမှာဖြစ်ကြောင်း၊ ကျန်းမာရေးအသိပညာရှိမှ ပြည်သူများ၏ သက်တမ်းများမှာလည်း ပိုရှည်လာမည်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာရေးအတွက် ဆရာဝန်၊ ဆရာမများအနေဖြင့် အဓိကပါဝင် ဆောင်ရွက်သွားရန် လိုကြောင်း စသည်ဖြင့် အသေးစိတ်မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥရောပခရီးစဉ်အတွင်း ဗြိတိန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့ သွားရောက်၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒအကြီးအကဲ မစ္စ ကက်သရင်း အက်ရှ်တန်နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သော ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီ ၄ ရက်မှ ၁၃ ရက်အထိ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် ဗြိတိန်ပါလီမန်သို့ သွားရောက်ကာ အောက်လွှတ်တော်ဥက္ကဋ္ဌ the Rt. Hon. John Bercow နှင့် တွေ့ဆုံပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး the Rt. Hon. William Hague က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။ မွန်းလွဲ ၂ နာရီခွဲတွင် ဗြိတိန်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယဝန်ကြီး the Rt. Hon. Alan Duncan နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုလုပ်ငန်းစဉ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တည်ဆောက်နေမှုများ၊ ရခိုင်ဒေသနှင့် ကချင်ပြည်နယ်တို့တွင် လူသားချင်းစာနာမှုအကူအညီ ဆောင်ရွက်ပေးနိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံတွင် အကျဉ်းသားများအား လွှတ်ပေးခဲ့မှုအခြေအနေများ၊ ခေတ်ကာလနှင့် လိုက်လျောညီထွေမှုမရှိသည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲခဲ့မှု အခြေအနေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကန့်သတ်မှုများ လုံးဝဖယ်ရှားပေးရန်ကိစ္စ၊ GSP အကျိုးခံစားခွင့် ပြန်လည်ရရှိစေရန်ကိစ္စ၊ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အဆိုများ ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးကောင်စီတွင် ထပ်မံတင်သွင်းခြင်း မပြုစေရန်ကိစ္စနှင့် မြန်မာနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ ပေးဆပ်ရန်ရှိသည့် ကြွေးမြီများနှင့် စပ်လျဉ်း၍လည်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပြင်သစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ သွားရောက်ကာ နိုင်ငံခြားရေးဝန်ကြီး Mr. Laurent Fabius နှင့် တွေ့ဆုံဆွေးနွေးပြီး မွန်းလွဲ ၁ နာရီတွင် ပြင်သစ်သမ္မတ၏ သံတမန်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Jean-Ortiz Paul က တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှု လုပ်ငန်းစဉ်၌ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နေမှု၊ စီးပွားရေး ကန့်သတ်မှုများကြောင့် မြန်မာပြည်သူများဖွံ့ဖြိုးမှု နောက်ကျနေမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခွင့်အလမ်း ကောင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကန့်သတ်မှုများ လုံးဝဖယ်ရှားပေးရေးကိစ္စ၊ GSP အကျိုးခံစားခွင့် ပြန်လည်ရရှိစေရေးကိစ္စနှင့် ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးကောင်စီတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်အဆိုများ ထပ်မံတင်သွင်းခြင်း မပြုစေရေးအတွက်လည်း တိုက်တွန်း ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့ ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Mr. Laurent Fabius မေးမြန်းသည့် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ကိစ္စတို့နှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ ဒေသတွင်းတွင် အရေးပါမှု၊ ပတ်ဝန်းကျင်နိုင်ငံများနှင့် ဆက်ဆံမှုအခြေအနေ၊ အနာဂတ်တွင် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ယူဆောင်ရွက်မည့် ကာလအတွင်း ပြင်သစ်နိုင်ငံနှင့် အာဆီယံ ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်ရန် ကိစ္စများနှင့် စပ်လျဉ်း၍လည်း အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

(သတင်းစဉ်)

❖ မက္ကဆီကိုမှ

ပန်းပဲဆရာ ပီဒရိုရိုင်းစ်က အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပန်းပဲဆရာရိုင်းစ်က လူဦးရေပေါင်း ၁ ဒသမ ၃ မီလီယံရှိပြီး တစ်ရက်လျှင် ပျမ်းမျှလူ ၁၀ ဦး သေဆုံးလျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသော Ciudad Juarez မြို့မှ စစ်တပ်များနှင့် ရဲများမှ သိမ်းဆည်းရမိသည့် သေနတ်အလက်ပေါင်း ၆၇၀၀ ကျော်ဖြင့် ၎င်းတူရိယာများကို တီထွင်ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ပန်းပဲဆရာက ဆက်လက်ပြောကြားရာတွင် ၂၀၀၈ ခုနှစ်က "ပစ္စတိုမှ ဂေါ်ပြားသို့" ဟူသည့် ပရောဂျက် (စီမံကိန်း) တစ်ခုရှိခဲ့ဖူးကြောင်း၊ ယင်းစီမံကိန်းသည် လက်နက်ပေါင်း ၁၅၂၇ ခုကို အရည်ကျိုပြီး ၎င်းနှင့်အရေအတွက်တူ ဂေါ်ပြားများအဖြစ်ဖန်တီးကာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေမည့်အပင်ပေါင်း ၁၅၂၇ ပင်စိုက်ပျိုးစေသည့် စီမံကိန်းဖြစ်ကြောင်း၊ ယခုစီမံကိန်းကိုမူ "လက်နက်ဖျက်သိမ်းခြင်း"ဟု အမည်ပေးထားပြီး သိမ်းဆည်းရမိသော လက်နက်များမှ ယင်းကဲ့သို့ တူရိယာများ ဖန်တီးရသည့် စီမံကိန်းကို ဆောင်ရွက်ရန် အခွင့်အရေးကို ယမန်နှစ်က တယ်လီဖုန်းမှတစ်ဆင့် လက်ခံရရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

"သေချာစဉ်းစားကြည့်မယ်ဆိုရင် လူတွေရဲ့အသက်ပေါင်းများစွာကို နုတ်ယူသွားတာ ဒီလက်နက်တွေပဲ၊ ဂီတမှာ မကောင်းဆိုးဝါးတွေကို နှင်ထုတ်နိုင်တဲ့အင်အားရှိတယ်။ အဲဒီမကောင်းဆိုးဝါးတွေကို ဂီတနဲ့မောင်းထုတ်ရမယ်"ဟု ပန်းပဲဆရာ ရိုင်းစ်က ပြောကြားသည်။

"ဂီတနဲ့ လက်နက်ဆိုတာ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲ၊ ပတ်ဝန်းကျင်မှာ သေနတ်သံတွေချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးဂီတသံတွေ လွှမ်းမိုးနိုင်ဖို့ ဒီစီမံကိန်းကို အကောင်အထည်ဖော်ရခြင်း ဖြစ်ပါတယ်"ဟု ရိုင်းစ်က ဆိုသည်။

ထို့အပြင် ရိုင်းစ်က အဆိုပါအသိကို တစ်ကမ္ဘာလုံးသို့ ဖြန့်ဝေပေးလိုကြောင်း၊ ၎င်းတီထွင်ဖန်တီးထားသည့် ဂီတတူရိယာများ မတ်လတွင် ကျင်းပမည့် လန်ဒန်ရှိ Lission အနုပညာပြခန်း၌ ပြသသွားမည်ဖြစ်ပြီး မကြာခင် အမေရိကန်၌လည်း အလားတူပြပွဲမျိုး ကျင်းပသွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြား ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက် လည်းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာ လုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အားကစားနည်း (၇) မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည်းကောင်း ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (တပ်ကုန်း) သို့ ၂၈-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက်ဆက်သွယ်ရှင်းပြရမည့် နေ့ရက်ကို ထပ်မံသတ်မှတ် ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

လျှပ်စစ်သုံးလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

...က်ရှိ

...ားစက်ရုံနှင့် ...င်ငွေ့တာဘိုင် ...ားအား အလုံ ...င်ရွက်လျက် ...ာတ်အားပေး ... စက်နှစ်လုံး၊ ...ာင်းနှင့် ထုတ် ...ာလကကဲ့သို့ ...နစ်ဖြင့် ဓာတ် ...ဖြန့်ဝေပေးနိုင် ...ဝန်ကြီးဌာနမှ

(သတင်းစဉ်)

မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ မိုးကုတ်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ခရမ်းမြို့တွင် သုည ဒသမ ၃၁ လက်မနှင့် မိုင်းဆတ်မြို့တွင် သုည ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မကွေးရွှေစက်တော်ဘုရားပွဲတော်သို့ အောင်ကမ္ဘာမော်တော်ယာဉ်အသင်း စတင်ပြေးဆွဲ

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်မှ ရှေးဟောင်းသမိုင်းဝင် ရွှေစက်တော်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် စတင်ပြီဖြစ်၍ ရွှေစက်တော်ဘုရားပွဲတော်သို့ မကွေးမှ အောင်ကမ္ဘာမော်တော်ယာဉ်များ စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ယခင်က ဒေသအသီးသီးမှ လာရောက်ကြသောဘုရားဖူးများ ရွှေစက်တော်ဘုရားပွဲတော်သို့ ခရီးဆက်လိုလျှင် မင်းဘူးမြို့သို့သွား၍ ကားစီးကြရသည်။ ယခု ဖေဖော်ဝါရီ ၁၄ ရက်မှစပြီး အောင်ကမ္ဘာမော်တော်ယာဉ်အသင်းမှ မီနီဘတ်စ်များသည် မကွေးမှ ရွှေစက်တော်သို့ နံနက် ၇ နာရီခွဲတွင်လည်းကောင်း၊ ရွှေစက်တော်မှ ညနေ ၃ နာရီခွဲတွင်လည်း လူတစ်ဦး ငွေကျပ် ၂၅၀၀ ဖြင့် ဘုရားပွဲတော်ပြီးသည်အထိ ပြေးဆွဲလျက်ရှိသည်။

မိသားစုလိုက်၊ ကုမ္ပဏီအစုအဖွဲ့လိုက် ရွှေစက်တော်သို့ သွားလိုလျှင် အောင်ကမ္ဘာမော်တော်ယာဉ်အသင်းက လက်ခံဆောင်ရွက်ပေးကြောင်း၊ ယခုအခါ မကွေးမှ ရွှေစက်တော်ကားလမ်းမှာ တိုးချဲ့ပြုပြင်လမ်းခင်းထားသဖြင့် ဘုရားဖူးများအတွက် အလွန်အဆင်ပြေကြောင်း ယခင်မထသ ဥက္ကဋ္ဌဟောင်း ဦးခင်မောင်တင့်က ပြောသည်။ ရွှေစက်တော်ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးလ နှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပသွားမည်ဟု သိရသည်။

(မကွေးလှမြင့်)

ထိုင်းနိုင်ငံတွင် ကရင်တိုင်းရင်းသူ အမျိုးသမီးငယ်လေးတစ်ဦး နှိပ်စက်ခံရမှု ပြစ်မှုကျူးလွန်သူများအား ပြင်းပြင်းထန်ထန် အရေးယူပေးရန် တောင်းဆိုစာ ပေးပို့ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ထိုင်းနိုင်ငံ ကမ်ဖယ်ဖစ်ခရိုင်ရှိ ထိုင်းလူမျိုးဇနီးမောင်နှံ၏အိမ်တွင် ခိုင်းစေထားသော အသက် (၁၂) နှစ်အရွယ် ကရင်တိုင်းရင်းသူ အမျိုးသမီးငယ်လေးတစ်ဦးအား အိမ်ရှင်ဇနီးမောင်နှံသည် လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း၊ အိမ်ရှင်အလိုကျမဖြစ်ခဲ့လျှင် ခွေးလှောင်အိမ်တွင် လှောင်ထားပြီး ရေနွေးပူနှင့်လောင်းခြင်း၊ နားရွက်ဖြတ်ခြင်းစသော ပြစ်ဒဏ်များပေးလေ့ရှိကြောင်း ထိုင်းသတင်းစာများနှင့် ဒီမိုကရက်တစ်မြန်မာ့အသံတို့တွင် ဖော်ပြပါရှိခဲ့သည်။

အဆိုပါ ကရင်တိုင်းရင်းသူလေး၏အမည်မှာ မအဲဖြစ်ပြီး မိဘများမှာ လှိုင်းဘွဲ့၊ ကြက်တူရွေးရွာမှ ဦးတင်အောင်နှင့် ဒေါ်မူးအွာသိန်းတို့ဖြစ်ကာ ထိုင်းနိုင်ငံတွင်မွေးဖွား၍ မြန်မာစကား နားမလည်သူတစ်ဦးဖြစ်သည်။ ယခုအခါ မိဘများနှင့်အတူ ထိုင်းနိုင်ငံ ကမ်ဖယ်ဖစ်ခရိုင်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဂေဟာတွင် နေထိုင်လျက်ရှိသည်။

မြန်မာအစိုးရအနေဖြင့် အဆိုပါသတင်းအား သိရှိချိန်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းနှင့်အဖွဲ့အား တာဝန်ပေးအပ်၍ ယနေ့တွင် ကမ်ဖယ်ဖစ်ခရိုင်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ဖြစ်ပွားခဲ့မှုဖြစ်စဉ်ကို မေးမြန်းခဲ့ပြီး ဂေဟာတာဝန်ခံနှင့် တွေ့ဆုံ၍ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများ မေးမြန်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါဒေသရှိရဲစခန်းသို့ သွားရောက်၍ ရဲအုပ်ကြီး ဝမ်ချိုင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ထိုင်းအလုပ်ရှင်လင်မယားမှာ ဝန်ခံခြင်းမရှိသေးသောကြောင့် လွှတ်ပေးထားရကြောင်း၊ သို့သော် အမှုကို ပြန်လည်တည်ဆောက်နေကြောင်း၊ ဖြားယောင်းမှု၊ မတရားညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ အသက်(၁၅)နှစ်အောက်ကလေးအား လူကုန်ကူးမှု၊ တရားမဝင်အလုပ်သမားလက်ခံမှု၊ အလုပ်သမားအခွင့်အရေးချိုးဖောက်မှုစသည်ဖြင့် ပြစ်မှု (၇)မှုဖြင့် စွဲချက်တင်ရန် စီစဉ်လျက်ရှိပါကြောင်း သိရှိရသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့က ကာယကံရှင်များအား စစ်မေးမည့် တရားခွင်တွင် မိမိတို့အစိုးရဘက်မှ ကိုယ်စားလှယ်များ စေလွှတ်မည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ အရေးယူအပြစ်ပေးရန်လိုအပ်ကြောင်း၊ မိမိတို့မြန်မာအစိုးရအနေဖြင့် ပြစ်မှုကျူးလွန်သူများကို ပြင်းပြင်းထန်ထန် အရေးယူပေးရန် တောင်းဆိုပါကြောင်း၊ အခါအားလျော်စွာ ကိုယ်စားလှယ်အဖွဲ့များလာရောက်၍ အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

တစ်ချိန်တည်းမှာပင် ဗန်ကောက်မြို့ရှိမြန်မာသံရုံးမှ သံအမတ်ကြီးက မြန်မာအစိုးရကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အဆိုပါပြစ်မှုကျူးလွန်သူများအား ပြင်းပြင်းထန်ထန်အရေးယူပေးရန် တောင်းဆိုစာပေးပို့ခဲ့ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့်လည်း ကရင်တိုင်းရင်းသူလေးအား ပလတ်စတစ်ဆာဂျရီအပါအဝင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည့်အပြင် ပုံမှန်ပြန်ဖြစ်သည်အထိ ကုန်ကျစရိတ်များအား ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ဆေးကုသမှုပြီးဆုံးပါက ထိုင်းနိုင်ငံတွင် တရားဝင်အခမဲ့ ပညာသင်ကြားခွင့်ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့က နိုင်ငံတော်အစိုးရကိုယ်စား ထောက်ပံ့ငွေ ဘတ် ၂၀၀၀၀ နှင့် မြန်မာနိုင်ငံသားများ၏ ထောက်ပံ့ငွေဘတ် ၅၀၀၀ စုစုပေါင်း ဘတ် ၂၅၀၀၀ ကို ကာယကံရှင်အား ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကလေးငယ်အတွက် ထိုင်းဘုရင့်ရဲတပ်ဖွဲ့၊ ပညာရေးဌာန၊ တရားရေးဌာနနှင့် တစ်သီးပုဂ္ဂလ စေတနာရှင်များ၏ ထည့်ဝင်မှုများအပါအဝင် လှူဒါန်းငွေဘတ် ၅၇၁၆၀ အား မိခင်နှင့်ကလေးစောင့်ရှောက်ရေးဂေဟာမှ တာဝန်ရှိသူသုံးဦးပူးတွဲ၍ ဘဏ်စာရင်းဖွင့်လှစ်ထားရှိကြောင်း၊ မြန်မာအစိုးရမှ ထောက်ပံ့ငွေကို အဆိုပါဘဏ်စာရင်းတွင် ထည့်သွင်းထားမည်ဖြစ်ကြောင်း၊ အဆိုပါငွေများအား ကလေးမိဘများနှင့် ကလေး၏အနာဂတ်တွင် လိုအပ်သည်များတွင် အသုံးပြုသွားမည်ဟု သိရှိရသည်။

ကရင်တိုင်းရင်းသူလေး ညှဉ်းပန်းခံရမှုနှင့် ပတ်သက်၍ မြန်မာအစိုးရမှ တာဝန်ပေးအပ်ထားသူ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးတို့မှ ထိုင်းနိုင်ငံ၏ ဖြေရှင်းဆောင်ရွက်ပေးမှု အခြေအနေများအား မျက်ခြည်မပျက် အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီး တရားစီရင်မှုများတွင် ကိုယ်စားလှယ်များ စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

များပြားလှသော မြန်မာ့ရွှေသမင်တိုက်

မင်းဘူး ဖေဖော်ဝါရီ ၁၅

ရွှေစက်တော် ဘေးမဲ့တောနှင့် တပ်မတော် ဝါစိုက်ပျိုးရေးဇုန်နယ်မြေအတွင်း ကူးသန်းသွားလာနေသော ကောင်ရေ ၉၄ ကောင်ရှိ မြန်မာ့ရွှေသမင် Rucervus eldii တိုက် (သို့)အုပ်စုတစ်စုကို ဖေဖော်ဝါရီ ၄ ရက်တွင် တွေ့ရသည်။ **(အပေါ်ပုံ)** ဤသို့သော သမင်အုပ်စု (ဝါ) တိုက်များ ကျက်စားနေထိုင်သည့် အုပ်စုလေးစုရှိပြီး တပ်မတော်ဝါစိုက်ပျိုးရေးနှင့် ရွှေစက်တော်ဘေးမဲ့တောတို့က ပူးပေါင်းကာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရွှေသမင်များသည် မြန်မာ့ဌာနေပွားမျိုးစိတ်ဖြစ်ပြီး ချပ်သင်းဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တောတွင် တွေ့ရပြီး တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဖြင့် ကာကွယ်ထားသော မျိုးစိတ်ဖြစ်သည်။

ကိုငြိမ်း (တောင်သာ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

ငလျင်ဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန (ရုံးချုပ်)နှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ လာရောက်လှူဒါန်းလျက်ရှိရာ ဖေဖော်ဝါရီ ၈ ရက်တွင် ဦးမင်းညွန့်မိသားစုက အလှူငွေကျပ် နှစ်သိန်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဒေါ်ကျင်မြမိသားစုက အလှူငွေကျပ်တစ်သောင်းနှင့် ဦးလွင်မောင်-ဒေါ်သိင်္ဂီဦး၊ သမီး မအေးသီရိမောင်တို့က အဝတ်အထည်မျိုးစုံတို့ကို လာရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေး သည်အသက်

ဖေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ အသက် ၆လမှ ၅ နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဖေဖော်ဝါရီ ၁၅ ရက်က မရင်းကြီးကျေးလက်ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်သင်းသင်းမိုးက ဗီတာမင်အေနှင့် သံဓာတ်အားဆေးများကို တိုက်ကျွေးစဉ်။ (ကြေးမုံ)

ကတ္တရာလမ်းအတက်အဆင်း ပြေလျှော့ပေးသင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

နေပြည်တော် သပြေကုန်းအဝိုင်းမှ အပြည်ပြည်ဆိုင်ရာ လေဆိပ်အထိ ကွန်ကရစ်လမ်းအဆင့်မြင့် နိုင်လွန်ကတ္တရာလမ်းခင်းဆောင်ရွက်ထားသည်မှာ အလွန်ပင်ကောင်းပါသည်။ သို့သော် အသွားလေးလမ်း၊ အပြန်လေးလမ်း ရှစ်လမ်းသွားလမ်းမကြီးကို အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းသာ နိုင်လွန်ကတ္တရာအဆင့်မြင့်လမ်းခင်းထားသည်ကိုတွေ့ရပြီး လမ်းချိုးလမ်းကွေ့များက လမ်းမပေါ်ဖြတ်တက်ရသော ကား၊ ဆိုင်ကယ်များအတွက် ကတ္တရာလမ်းမှာ နှစ်လက်မခွဲ သုံးလက်မခန့်မြင့်ပြီး ပြေပြစ်မှုမရှိဘဲ ကျမ်းတုံးခုထားသကဲ့သို့ ဖြစ်နေ၍ ယာဉ်မောင်းများယာဉ်အန္တရာယ်မဖြစ်ရန် အထူးဂရုပြုမောင်းနှင်နေရသည်။

သို့ပါ၍ အဆိုပါ လမ်းချိုးလမ်းကွေ့များမှ ဖြတ်တက်ရသောနေရာများတွင် ယာဉ်အတက်အဆင်း ပြေပြစ်စေရန်အတွက် ကတ္တရာလမ်းအားဖြေလျှော့ပေးသင့်ပါသည်။ ထို့အပြင် ကတ္တရာလမ်းနှင့် ကွန်ကရစ်လမ်းအလယ်မှ ကာရန်ထားသော အကာအရန်ကိုလည်း ဖယ်ရှားပေးသင့်ပါသည်။ သို့မှသာ ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မည်ဖြစ်ပါသည်။ **(နေပြည်တော်သား)**

မြို့လယ်ကောင်မှာ ရုပ်ရှင်ဆန်ဆန် မတွေ့မြင်လို

မြတ်ဆွေ

ရန်ကုန်မြို့လယ်မှာ လွန်ခဲ့တဲ့နှစ်အတန်ကြာက စည်းကမ်းမဲ့စွာလမ်းဖြတ်ကူးသူတွေ လူကူးမျဉ်းကျားကနေ မကူးတာကြောင့် ယာဉ်တိုက်မှုတွေဖြစ်ခဲ့ရတယ်။ အဲဒါကြောင့် သက်ဆိုင်ရာယာဉ်ထိန်းရဲကနေပြီး စည်းကမ်းမဲ့လမ်းဖြတ်ကူးသူတွေကို ဖမ်းဆီးခဲ့တယ်။ ဒဏ်ငွေရိုက်ခဲ့တယ်။

မကြာခဏကျောက်တံတားရဲစခန်းရှေ့မှာ ကားကြီးနှစ်စီး၊ သုံးစီးနဲ့တင်ထားတဲ့ခရီးသည်တွေ တွေ့ရတယ်။ သူတို့ကို တရားရုံးပို့ဖို့ပါ။

ရဲက လမ်းဖြတ်ကူးသူတွေကို ဖမ်းဆီးတဲ့အခါမှာ တချို့က အဖမ်းမခံဘဲထွက်ပြေးကြတယ်။ ရဲကလည်း အတင်းလိုက်ဖမ်းတော့ ထိုးကြကြိတ်ကြတဲ့အထိဖြစ်ကုန်တယ်။

အဲဒီမြင်ကွင်းဟာအလွန်မသင့်တော်ပါဘူး။ အဲဒီအခါမှာ ယာဉ်တိုက်ခံရသလားပဲ၊ အခြေအနေတော်တော်ဆိုးသွားပါတယ်၊ အဲဒီကစပြီး လမ်းကူးသူတွေကို ဖမ်းဆီးခြင်း မလုပ်တာကြာပါပြီ။

ဟော မနေ့တစ်နေ့က ကြေးမုံသတင်းစာထဲမှာ ဇန်နဝါရီလကုန်ရက်ကစပြီး စည်းကမ်းမဲ့လမ်းကူးသူတွေကို အရေးယူတော့မယ်။ လူကူးမျဉ်းကျားမှာ လူကူးနေဆဲ ရပ်မလာတဲ့ကားတွေကိုလည်း အရေးယူမယ်ဆိုတဲ့ သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်ဗျာ။

ကောင်းပါတယ်၊ ရုတ်တရက်တော့ ဇာတ်ကားဟောင်းတစ်ကား ပြန်ပြသလိုများလားလို့ တွေးမိတယ်ဗျာ။

အရင်တုန်းက မြို့လယ်ကောင်မှာလမ်းကူးသူတွေကို ရဲကလိုက်ဖမ်း၊ ခရီးသည်က လွတ်မယ်ထင်ရင် ထွက်ပြေးနဲ့၊ လိုက်တမ်းပြေးတမ်း မြင်ကွင်းဟာ လွန်စွာအကျည်းတန်လှသဗျာ။ အက်ရှင်ဇာတ်ကားများ ရိုက်နေသလားပဲ။

အဲဒီလိုပြန်ဖြစ်ရင်တော့ မနိပ်သေးဘူးဗျာ။ ဖမ်းလို့ရတဲ့ ခရီးသည်ကို ချိုသာယဉ်ကျေးစွာနဲ့ ပြောဆိုဖမ်းဆီးသင့်တယ်။ ထွက်ပြေးတဲ့သူဟာ ယဉ်ကျေးမှုမရှိတဲ့သူ၊ သိက္ခာမရှိတဲ့သူ၊ နေပါစေ၊ ပြေးပါစေ။ သို့သော် သူ့စိတ်အသိမှာ ခံစားရမှာပါ။ သူ့အနေနဲ့ ဥပဒေကို မလေးမစားပြုမှုစိတ်ဒဏ်ရာရသွားမှာပါ။ နောင်ဒီလိုမလုပ်သင့်ဘူး။ စည်းကမ်းရှိစွာနဲ့ကူးတော့မယ်ဆိုတဲ့ အသိတရားရသွားကောင်းပါရဲ့။

ယာဉ်ထိန်းရဲအနေနဲ့ ပြေးလား၊ လိုက်ဖမ်းလား မလုပ်သင့်ပါ။ အမြင်မတော် ဆင်တော်နဲ့ခလောက်ပါ။ အရုပ်ဆိုးလှပါတယ်။

ဒါဟာ ရိုးသားစွာတွေးတောမှုနဲ့ အပြုသဘောတင်ပြရတာဖြစ်ပါတယ်။ ဘယ်ဗျာ နိုင်ငံခြားသားတွေ၊ လူကြီးလူကောင်းတွေ ဥဒဟိုသွားလာနေတဲ့ မြို့လယ်လမ်းမကြီးပေါ်မှာ အရုပ်ဆိုးလှတဲ့ မြင်ကွင်းမရှိသင့်ပါ။ ယဉ်ကျေးတဲ့နိုင်ငံကြီးတွေမှာလည်း ဒီလိုလိုက်ပြေးဖမ်းဆီးတာမျိုး မတွေ့ရဘူးဗျာ။

တချို့နိုင်ငံခြားသားတွေကလည်း အဲဒီလိုမြင်ကွင်းမျိုး တစ်ခုတ်တစ်ရဓာတ်ပုံရိုက်ယူတတ်ပါတယ်။

သူတို့ရဲ့အမြတ်ထုတ်မှု၊ အကောက်ကြံမှုခံရဦးမယ်။ မြန်မာနိုင်ငံအတွင်းမှာ ဒီလိုရုတ်ရုတ်သဲသဲ မြို့လယ် မြင်ကွင်းမျိုးတွေရှိနေတယ်ဆိုပြီး ဝါဒဖြန့် ကဲ့ရဲ့ကြဦးမယ်။

အဲဒါကြောင့် ဟိုတစ်ချိန်တစ်ခါက ရဲဖမ်းလူပြေး ဗရုတ်ဗရက်ဇာတ်ကားဟောင်းကြီးကို ပြန်မပြစေချင်ပါ။

တစ်ဖန်လူကူးမျဉ်းကျားက ကူးကြဖို့၊ ဖြစ်သလို မကူးကြဖို့ သတိပေးကြေညာမှုကိုလည်း မပြတ်ပြုသင့်ပါတယ်။ ရဲအဖွဲ့တွေက အသံချဲ့စက်ကလေးတွေနဲ့ မပြတ်သတိပေးပြီး လူထုကို ယဉ်ကျေးစွာ ဆက်ဆံသင့်တယ်ဗျာ။ လူအကူးများတဲ့နေရာတွေမှာ လူကူးမျဉ်းကျားစနစ်တကျလုပ်ပေးသင့်ပါတယ်။ ပြီးတော့အရေးကြီးတဲ့ အချက်တစ်ခုတင်ပြချင်ပါတယ်။ လူကူးမျဉ်းကျားမှာ လူကူးလို့မရအောင် ကားတွေက လုမောင်းတယ်ဗျာ။ အဲဒီအခါမှာ ခရီးသည်တွေက မကူးရဲဘဲ ဖြစ်သလိုကူးကြတော့တာပါပဲ။

အဲဒီတော့ လူကူးမျဉ်းကျားက ကူးနေဆဲလူတွေကို ကားရပ်မပေးဘဲ မောင်းတဲ့ယာဉ်တွေကို ထိရောက်စွာ အရေးယူသင့်ပါတယ်။ဒါမှသဘာဝကျမယ်။ စည်းကမ်းမဲ့ခရီးသည် ပပျောက်ရေးအောင်မြင်နိုင်တယ်။

ဘယ်နေ့ဘယ်ရက်က လူကူးမျဉ်းကျားမှာ ရပ်မပေးတဲ့ ကားနံပါတ်ဘယ်လောက်၊ ဘယ်နှစီးကို အရေးယူလိုက်တယ်ဆိုတာကိုလည်း အများသိအောင် သတင်းစာကနေ သတင်းပေးဖော်ပြသင့်ကြောင်းပါဗျာ။ ။

နှစ်သစ်ကူးမိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ရန်ကုန်မြန်မာယူနန်မိသားစုဝင်များ၏ နှစ်သစ်မင်္ဂလာ မိတ်ဆုံစားပွဲ၊ အသက်(၇၅) နှစ်အထက် အသင်းဝင် သက်ကြီးရွယ်အို၊ မိဘ၊ ဆရာများအား ကန်တော့ခြင်းနှင့် ၂၀၁၂ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပမည်ဖြစ်၍ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ရန်ကုန်ရောက် ယူနန်မိသားစုများနှင့် မိတ်ဆွေသင်္ဂဟများအား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပြီး အသင်းသားများ လိပ်စာပြောင်းခြင်းနှင့် အသင်း မဝင်ရသေးသော ယူနန်မိသားစုများရှိပါက လိပ်စာပါအတိုင်း ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၇-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - လှိုင်မင်္ဂလာခန်းမ၊ အမှတ်(၂၂-က)၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်ယူနန်ဘုံကျောင်း
အမှတ်(၂၂-က)၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၆၆၀၂၀၃၊ ၆၅၃၂၂၅၊ ၆၅၃၂၂၆

ပညာမိုး
အလယ်တန်း နှင့် အထက်တန်းအဆင့်
ဒေါက်တာမိုးဟိန်းဇော်(မြန်မာ)
မြန်မာစာ စာစီစာကုံးသင်တန်း
သင်တန်းသား လက်ခံပြီ
ဖုန်း-၀၁ ၂၀၂၂၁၃၊ ၀၉ ၅၁၈၀၁၄၁
၄၆၊ (ပထမထပ်)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူတင်းနစ်ကွင်းရှေ့
ကြာသပတေး၊သောကြာ - နံနက် ၇ - ၈း၃၀ (အထက်တန်း)၊ ၈း၃၀ - ၁၀ (အလယ်တန်း) မတ်(၇) စမည်
စနေ၊တနင်္ဂနွေ - နံနက် ၇ - ၈း၃၀ မတ်(၉) စမည်
၁၈၃၊ (၃လွှာ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊(မြောင်းမြလမ်းထိပ်)
တနင်္လာ၊အင်္ဂါ - နံနက် ၇ - ၈း၃၀ (အထက်တန်း)၊ ၈း၃၀ - ၁၀ (အလယ်တန်း) မတ်(၄) စမည်
၅၃၊ A-2 ၊ ရန်ကုန်-အင်းစိန်လမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်း။ (သမိုင်းလမ်းဆုံ မှတ်တိုင်အနီး)
ကြာသပတေး၊သောကြာ - နေ့လယ် ၁ - ၂း၃၀ မတ်(၇) စမည်
လူဦးရေ ကန့်သတ်ထားသည်

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

BLT Air-Con Express
အဆင့်မြင့် ကားနှင့်ပို့မည်
အထူးနှုန်း
ကျိုက်ထီးရိုး 9000 (နေ့စဉ်)
ချောင်းသာ 10000 (နေ့စဉ်)
လူဦးရေကန့်သတ်ထားပါသည်။
09-73163534, 09425033245

ချမ်းပိုင်သစ္စာ
အဆင့်မြင့်ခရီးသွားပို့ဆောင်ရေး
မန်းရွှေစက်တော်(မှန်မှဲ) 35000 14-2-13
ပုဂံ-ပုပ္ပါး-ပဒုဿ 60000 အပတ်စဉ် သောကြာ
အလောင်းတော်ကဿပ 60000
ချောင်းသာ Hotel Package စီစဉ်ပေးပါသည်
ကျိုက်ထီးရိုး ချောင်းသာ
ကျိုက်ထီးရိုး(အထူး) ရှင်ပြင်တော်အရောက်
စီးလုံးငှားခရီးစဉ်များကို ဈေးနှုန်းချိုသာစွာဖြင့်စီစဉ်ပေးပါသည်။
0973198239, 0943033237, 0973163538

အလောင်းတော်ကဿပ
22 Feb 5:30 pm 35000
1 Mar 54500
မျိုးမြတ်သူ 0973062605 0949304244

Since 1979 .... more than 9000, students
2013 မုံမှန် / နွေ
English Speaking ဦးညွန့်ဝေ
B.A(Eng),Dip in Eng, MA(EFL) YUFL
Stereo Granmar+Essay+Letter
Japanese သီးသန့်ရှိသည်။
မတ်လ(၂)ရက်နေ့စမည်။ ကျောင်းအပ်လက်ခံပြီ
09-421071598
09-420149647
No.1 Teacher for No.1 Students
(၅)၊ ခြံ(၆၆၃/ခ)၊ ကျောက်ရေတွင်း၊ သန်လျင်-ကျောက်တန်းလမ်းမတန်း၊ ဘုရားကုန်းလမ်းဆုံအနီး၊ သန်လျင်။

ရောင်းမည်
ဒေါ်သိန်းတင်လမ်းမကြီး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ မြေညီထပ် ပေ(၁၂½×၅၀)၊ ကိုယ်ပိုင်ရေ၊ မီး၊ ဖုန်းပါ။ ဆက်သွယ်ရန်
ဖုန်း-၀၁-၃၇၃၇၄၈၊ ၀၁-၃၇၆၉၅၈၊ ၀၉-၇၃၁၅၄၁၀၂၊ ၀၉-၅၀၀၅၈၃၂

ရွှေကြယ်စင်... ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
ရွှေစက်တော်နှင့် လမ်းဘုရားစုံ 60000/-
ပုဂံ(ဥယျာဉ်တော်လေးဆူ)-ပုပ္ပါး 75000/-
မုံရွာ-အလောင်းတော်ကဿပ 85000/-
တောင်ကြီး-အင်းလေး-ပင်းတယ 130000/-
အဆင့်မြင့် စရိုက်ဦးမိ ခရီးစဉ်
Ph: 209077, 209388, 09-73167000, 09-73168000, 09-43740000

SMG
သိန်းသန်း(TT)(Scaffolding)
SCAFFOLDING,SUPPORTING PROP & FORMWORK
သံငြမ်း၊သံတိုင်နှင့်သံငြမ်းဆက်စပ်ပစ္စည်းများငှားရမ်းရောင်းချခြင်း။
SUCCESSFUL CONSTRUCTION WITH T T
အမှတ်.(၁၅၂)ပြည်ထောင်စုလမ်း၊(၂၅)ရပ်ကွက်၊ယောက်ကော်ပန်းခြံရှေ့တောင်ဒဂုံ။
Ph : 09-5143595,09-421090200,09-73106011
HOT LINE : 09-5143595

EMG EMPEROR MUSIC GROUP
ZAW WIN HTUT
EMPEROR
ROCK N' ROLL SHOW
မြရိပ်ညိုရိုင်ရယ်ဟိုတယ် မြက်ခင်းပြင်
16 .02 .2013 SATURDAY 7:00 PM
20000 Ks, 10000 Ks
လက်မှတ်များကို မန်းသီရိတေးသံသွင်း (အနော်ရထာလမ်း နှင့် ဗိုလ်အောင်ကျော်လမ်းထောင့်)၊
Ko Ko Beauty Salon (New World) တို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

အနုပညာ

တစ်ပတ်လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာ သုံးထောင်ရရှိမည့် ဘရက်ဒ်ပစ်နှင့် ဂျိုလီတို့၏ သမီးငယ်

ဟောလိဝုဒ် ရုပ်ရှင်လောက၏ နာမည်ကြီး ကြယ်ပွင့်များဖြစ်ကြသည့် သရုပ်ဆောင် ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့၏ သမီးငယ် **(အပေါ်ပုံ)** အသက်လေးနှစ်အရွယ်ရှိ Vivienne Jolie-Pittက မိခင်ဖြစ်သူ၏ ရုပ်ရှင်ကား တစ်ကားဖြစ်သော Maleficent ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါကလေးငယ်သည် တစ်ပတ်လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာသုံးထောင် ဝင်ငွေရရှိမည်ဖြစ်ကြောင်း တီအမ်ဇက်သတင်းဝက်ဘ်ဆိုက်က သတင်းဖော်ပြသည်။

အဆိုပါ ကလေးငယ်သည် Sleeping Beauty အမည်ရှိ ဒဏ္ဍာရီပုံပြင်ကို ပြန်လည်ရိုက်ကူးထားသော Maleficent ဇာတ်ကားတွင် အော်ရိုရာမင်းသမီးလေး၏ ငယ်ဘဝအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။ သို့သော် ၎င်းကလေးငယ်က အနုပညာ လုပ်ငန်းများအပေါ် မျှော်လင့်ချက်နှင့် မည်သည့်အချိန်အတိုင်းအတာအထိ အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

နွေရာသီ ဂီတဖျော်ဖြေပွဲ ၃၇ ပွဲဆက်တိုက် ကြိုတင်လက်ခံထားတဲ့ ကနေဒါကြယ်ပွင့် စလင်းဒီရွန်

ကနေဒါ ပေါ့ပ်ဂီတကြယ်ပွင့် စလင်းဒီရွန်။

ကနေဒါ ပေါ့ပ်ကြယ်ပွင့် စလင်းဒီရွန်က နွေရာသီ ဂီတဖျော်ဖြေပွဲ ၃၇ ပွဲကို ဇွန်လမှ စက်တင်ဘာလအထိ အမေရိကန်နိုင်ငံ လာ့စ်ဗီးဂတ်စ်မြို့ရှိ အကြီးဆုံးဇိမ်ခံဟိုတယ်ကြီးဖြစ်သည့် Caesars Palace ဟိုတယ်၌ ကျင်းပသွားရန် ကြိုတင်လက်ခံထားပြီးဖြစ်ကြောင်း သိရသည်။

စလင်းဒီရွန်၏ အဆိုပါ နွေရာသီ ဂီတဖျော်ဖြေပွဲများကို ဇွန် ၄ ရက်မှ စတင်ကာ စက်တင်ဘာ ၁ ရက်အထိ ပွဲများကို ဆက်တိုက်ကျင်းပသွားမည်ဖြစ်ပြီး ယင်းဖျော်ဖြေပွဲများအားလုံးကို တာဝန်ယူရိုက်ကူးပေးမည့် သူမှာ ဂရမ်မီဆုရှင် ထုတ်လုပ်သူ Ken Ehrlich ဖြစ်သည်။

အဆိုပါရှိုးပွဲတွင် စလင်းဒီရွန်၏ နာမည်ကြီး သီချင်းများအပါအဝင် နာမည်ကျော် အနုပညာရှင်များ၏ သီချင်းများ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

အမေရိကန် အလှမယ်ပြိုင်ပွဲ နေရာပြောင်းရွှေ့ကျင်းပမည်

အလှမယ်ပြိုင်ပွဲများအနက် အထင်ကရအလှမယ်ပြိုင်ပွဲတစ်ခုဖြစ်သည့် Miss America ပြိုင်ပွဲကို ၂၀၀၆ ခုနှစ်မှ စတင်ကာ လာ့စ်ဗီးဂတ်စ်မြို့၌ ခြောက်နှစ်တာကျင်းပခဲ့ပြီးနောက် လာမည့် Miss America ပြိုင်ပွဲများကို စက်တင်ဘာလတွင် နယူးဂျာစီပြည်နယ် Atlantic မြို့၌ ပြောင်းရွှေ့ကျင်းပသွားမည်ဖြစ်ကြောင်း နယူးဂျာစီ ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြာသပတေးနေ့က ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ Atlantic မြို့၌ကျင်းပမည့် Miss America ပြိုင်ပွဲ၏ အချိန်ကာလသက်တမ်းကိုမူ ထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း၊ သို့သော် စန်ဒီမုန်တိုင်းကြောင့် ဖရိုဖရဲဖြစ်သွားခဲ့ရသည့် ဂျာစီကမ်းခြေတွင် အဆိုပါပြိုင်ပွဲကို ကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

ယင်း Miss America ပြိုင်ပွဲကို လူငယ်တီဗွီပရိသတ်များ ပိုမိုရရှိစေရန်အလို့ငှာ ၂၀၀၆ ခုနှစ်က လာ့စ်ဗီးဂတ်စ်မြို့သို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုတစ်ဖန် Atlantic မြို့၌ ပြန်လည်ရွှေ့ပြောင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန။

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
Air Conditioner(5.0)HPများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော Air Conditioner(5.0)HP(၅)လုံးကို ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ် ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၂-၂၀၁၃ ရက်မှ ၂၇-၂-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၂-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈

တိုးမြှင့်ပင်စင်လစာကိစ္စ

ကျန်းမာရေးဦးစီးဌာနမှ သက်ပြည့်ပင်စင်၊ လုပ်သက်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ မိသားစုပင်စင် ခံစားနေပြီဖြစ်သော ပင်စင်စားများအားလုံးကို ၁-၇-၂၀၁၁မှစ၍ နိုင်ငံတော်မှပင်စင်လစာငွေ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

ယခုအချိန်တွင် တိုးမြှင့်ပင်စင်ခံစားရန် ကျန်ရှိနေသော ပင်စင်စားများသည် တိုးမြှင့်ပင်စင်ခံစားနိုင်ရန်အတွက် ၂၈-၂-၂၀၁၃ရက်နောက်ဆုံးထား၍ ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)၊ ဗဟိုအဆင့်ဆေးရုံကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနများသို့ ဆက်သွယ်လျှောက်ထားနိုင်ရန် အသိပေးကြော်ငြာအပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန

ပြန်လည်အသိပေးတောင်းပန်ခြင်း

ကမ်းရိုးတန်းသွား အမြန်ရေယာဉ်များ အလေးထားစဉ်းစားဖွယ်ရာ သတင်းဆောင်းပါးသည် ရေကြောင်းခရီးသွား လုပ်သားပြည်သူများ အကျိုးကို မျှော်ကိုး၍ တိုင်းပြုပြည်ပြု အကျိုးပြုဆောင်းပါးတစ်ပုဒ်အဖြစ် ရိုးသားစွာဖြင့် ရေးသားခဲ့ခြင်းသာ ဖြစ်ပါသည်။

တစ်ဦးတစ်ယောက်ကိုမျှ လူမှုရေး၊ စီးပွားရေးနှင့် ဂုဏ်သိက္ခာ ထိခိုက်နစ်နာအောင်၊ နာမည်ဂုဏ်သတင်းထိခိုက်အောင် မည်သို့မျှ မရည်ရွယ်ဘဲ အမြန်ရေယာဉ်များ စံချိန်စံညွှန်းပြည့်ပြီး ခရီးသွားမိဘပြည်သူများ ဝန်ဆောင်မှု အပြည့်အဝဖြင့် စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက်သာ ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။

အကယ်၍ အဆိုပါကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းရှင်အား ထိခိုက်နစ်နာသည်ဆိုပါက များစွာစိတ်မကောင်းဖြစ်ရပါကြောင်းနှင့် ထိုရေးသားခဲ့မှုနှင့် ပတ်သက်၍ သက်ဆိုင်သူအား အနူးအညွတ်တောင်းပန်ပါကြောင်း။ **စာရေးသူ- ဒီစိုး**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)အတွက် အောက်ဖော်ပြပါပစ္စည်းများကိုဝယ်ယူရန် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်းဖိတ်ခေါ်အပ်ပါသည်။

(က) ရွှေ့လျားစာအုပ်စင် (Mobile Shelf)များ
(ခ) စာကြည့်တိုက်သုံးပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများ
(ဂ) ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ
(ဃ) စာကြည့်တိုက်သုံး Software တပ်ဆင်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးဖွင့်ရက်များတွင် ၂၁-၂-၂၀၁၃ရက်နေ့အထိ နေ့စဉ်နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀နာရီအတွင်း ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်) အမှတ်(၈၅-အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း(၀၁-၆၆၃၉၀၂)တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၂-၂၀၁၃ရက်နေ့(သောကြာနေ့) နံနက်(၁၀း၀၀)နာရီမှ (၁၁း၀၀)နာရီအတွင်း ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၊ ရုံးအမှတ်(၃၅)ရှိ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(ရုံးချုပ်)၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ဖုန်းနံပါတ်၀၉-၄၂၀၇၀၀၈၃၇၊ ၀၆၇-၄၀၈၀၄၀ များသို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

STT SPECIAL TRIP TRAVEL & TOUR CO.,LTD
အာရှဒေသ၏ နာမည်ကျော်အပျိုစင်ကမ်းခြေ မဟာသင်္ကြန်ပွဲတော်

April 13 - April 16 / Flight (2 Ways), ကြယ်ငါးပွင့်အဆင့်ရှိ Hotel (3 Nights)
တောင်ကြီး ခရီးစဉ် (၄ ည ၅ ရက်) March 23/April - 13
ပုဂံ - ရွှေစက်တော် ခရီးစဉ် (၆ ည ၇ ရက်) March 22/April - 12
မန္တလေး - အလောင်းတော် ကဿပ ခရီးစဉ် (၅ ည ၆ ရက်) Mrach 22/April - 12
ချောင်းသာ / ငွေဆောင် / ကျိုက်ထီးရိုး (၂ ည ၃ ရက်) DAILY (နေ့စဉ်)
ကျိုင်းတုံ - တာချီလိတ် - မယ်ဆိုင် - ရွှေတြိဂံ - ချင်းရိုင်း (Chang Rai) FLIGHT TRIP
CAR RENTAL SERVICES
No. 482,1F, LMD/ 01-210656, 0973255094, 095197380, 095081091

ရွှေထိပ်တန်း
ချောင်းသာ (နေ့စဉ်-နံနက်/ည)
ကားစီးလိုးငှားစီစဉ်ပေးသည်
ငွေဆောင် (သောကြာ)
01-701015, 09-5403844
01-710436, 09-5044830

MYANMAR PAGODA CAR RENTAL
ကားမျိုးစုံကို လချုပ်၊အချိန်ပိုင်းငှားသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်။ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀

ဆရာဦးထွန်းကိုကိုလတ် B.E (Mechanical) နှင့်
ဆရာမဒေါ်ခင်မြတ်မင်း B.Sc (Hons:) ,M.Sc (Engineering Phys:) CET (V) ဦးစီးသော
မြတ်အားမာန် ပညာ့ရိပ်မွန်
အဆင့်မြင့်စာသင်ဝိုင်းနှင့် အဆင့်မြင့်ဘော်ဒါ
"ပညာရေးတွင် ထူးချွန်ထက်မြက်စေရုံမျှမက စာရိတ္တနှင့် စည်းကမ်းပိုင်းတွင်လည်း လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသောနေရာဖြစ်သောကြောင့် စည်းကမ်းအလွန်ကြီးပါသည်။"
သင်တန်းအညွှန်းနေရာ
စာသင်ဝိုင်း - အမှတ်(၇)၊ ပထမထပ်၊ မြို့သစ်(၂)လမ်း၊ ကျောက်မြောင်း၊ တာမွေ။
ကျောင်းသားဆောင် - အမှတ်(၃၃/B)၊ ဘူတာရုံလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
ကျောင်းသူဆောင် - အမှတ်(၆/A)၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
၀၉-၅၁၇၅၆၅၇၊ ၀၉-၅၀၇၇၉၆၂၊ ၀၉-၄၃၀၃၉၀၂၄၊ ၀၉-၇၃၂၂၅၀၄၅၊ ၀၁-၅၄၁၁၉၀၊ ၀၁-၅၄၅၃၇၀
၂၀၁၃ - ၂၀၁၄ ပညာသင်နှစ် ၈-တန်း/၉-တန်း/၁၀-တန်း ကျောင်းအပ်လက်ခံပြီ။

အက်ဖ်အေဖလား ရင်ခုန်သံ

●● ရှိုင်းမင်းမင်း

(ယမန်နေ့မှအဆက်)

အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေအနက် ဖေဖော်ဝါရီ ၁၆ ရက်မှာ ယှဉ်ပြိုင်ကစားမယ့်ပွဲတွေကို သုံးသပ်တင်ပြပေးခဲ့ပြီးတဲ့နောက် ကျန်သေးတဲ့ ဖေဖော်ဝါရီ ၁၇၊ ၁၉ ရက်တွေမှာကစားမယ့်ပွဲတွေအပြင် ဖေဖော်ဝါရီ ၁၇ ရက်မှာကစားမယ့် အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲတစ်ပွဲကိုပါ ပူးတွဲသုံးသပ်တင်ပြပေးလိုက်ပါတယ်။

မန်စီးတီး Vs လိဗ်ဒ်စ် ည ၈း၃၀ (၁၇-၂-၁၃)

[နောက်ဆုံးတွေ့ဆုံမှု]

(၂၂-၃-၀၄) လိဗ်ဒ်စ် ၂ - ၁ မန်စီးတီး

ဆောက်သမ်တန်ကိုရှုံးခဲ့ရပြီးတဲ့နောက် ပရီမီယာလိဂ်မှာ မန်ယူနဲ့ ၁၂ မှတ်အထိ ကွာဟသွားတဲ့အတွက် ဒီပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ဖို့အထိ မန်စီးတီးတို့ အားစိုက်လာမှာပါ။ ဒါပေမယ့် လိဗ်ဒ်စ်ကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး စပါးကိုတောင် အနိုင်ယူခဲ့တာ မေ့လို့မဖြစ်ဘူး။ မန်စီးတီးအိမ်ကွင်းမှာ ခြေကုန်ထုတ်နိုင်တယ်။

မန်ယူ Vs ရီးဒင်း နံနက် ၂း၃၀ (၁၉-၂-၁၃)

[နောက်ဆုံးတွေ့ဆုံမှု]

(၂-၁၂-၁၂) ရီးဒင်း ၃ - ၄ မန်ယူ

ရီးဒင်းက ခံကစားအားကောင်းတဲ့အသင်းပါ။ အထူးသဖြင့် မန်ယူက ဒီပွဲမတိုင်ခင်မှာ ရီးယဲလ်မက်ဒရစ်နဲ့ ချန်ပီယံလိဂ် ကစားခဲ့ရလို့ ပွဲပန်းလာနိုင်တာကို သတိပြုရမယ်။ မန်ယူရဲ့ကွင်းဖြစ်ပေမယ့် အားနည်းချက်ရှိလာနိုင်တယ်။

ချယ်လ်ဆီး Vs ဘရန့်ဖို့ဒ် ည ၆း၃၀ (၁၇-၂-၁၃)

[ပထမပွဲရလဒ်]

(၂၇-၁-၁၃) ဘရန့်ဖို့ဒ် ၂ - ၂ ချယ်လ်ဆီး

ဒီပွဲက ပဉ္စမအဆင့်မဟုတ်ပါဘူး။ စတုတ္ထအဆင့် ပြန်ကန်ပွဲသာဖြစ်ပြီး ဒီပွဲအနိုင်ရမှ ဖေဖော်ဝါရီ ၂၈ ရက်မှာ မစ်ဒယ်ဘရော့နဲ့ ပဉ္စမအဆင့်အဖြစ်ကစားရမှာပါ။ ပထမပွဲတုန်းက နှစ်ဂိုးစီသရေကျခဲ့သလို ဒီပွဲဟာ ယူရိုပါလိဂ်နှစ်ပွဲကြား ရောက်နေမှုကြောင့်လည်း ချယ်လ်ဆီး ခြေကုန်ထုတ်ဖို့အခက်အခဲရှိနိုင်တယ်။

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အား အဲဗာတန်ခေါ်ယူရန် ဆန္ဒရှိနေ

ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသည် အင်္ဂလန်နှင့်ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖရန့်လမ်းပတ် အားခေါ်ယူသွားရန် ချိတ်ဆက်မှုများပြုလုပ်ထားကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အနေဖြင့် တစ်ပတ်လုပ်ခလစာပေါင် ၈၀၀၀၀ ဖြင့် ခေါ်ယူရေးဆိုင်ရာ ကမ်းလှမ်းမှုကို သဘောတူလက်ခံခဲ့ပါက အဲဗာတန်အသင်းက သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်က ဆိုသည်။

ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား လမ်းပတ်သည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားဖွယ်ရှိနေပြီး မန်ယူ၊ အေစီမီလန်၊ ပီအက်စ်ဂျီနှင့် အယ်လ်အေဂလက်ဆီ အသင်းတို့၏ စိတ်ဝင်စားမှုခံထားရသူဖြစ်သည်။

အဲဗာတန်အသင်းနည်းပြ ဒေးဗစ်မိုယက်သည် ချယ်လ်ဆီးကစားသမားလမ်းပတ်အား ခေါ်ယူစာချုပ်ရန် အသင့်ရှိနေသည်။ သို့ရာတွင် အင်္ဂလန်ကြယ်ပွင့် ဖရန့်လမ်းပတ်သည် အသက် (၃၄) နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်၏ စာချုပ်သစ်ကမ်းလှမ်းလာမှုကို မျှော်လင့်လျက်ရှိပြီး ချယ်လ်ဆီးအသင်းအတွက် အောင်မြင်မှုရရှိရေး စွမ်းဆောင်ပေးရန် ဆန္ဒရှိနေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဘောလုံးရာသီကုန်တွင် ကုန်ဆုံးမည့်လမ်းပတ်၏ စာချုပ်သက်တမ်းကို ထပ်တိုးချုပ်ဆိုရန် ငြင်းဆိုထားကြောင်းလည်း သိရသည်။

——— နိုင်လင်းကြည် ———

ကားလို့စ်တီဗက်ဇ် အက်ဖ်အေဖလားပြိုင်ပွဲတွင် ပါဝင်လာမည်

မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် မိသားစုအရေးကိစ္စများကြောင့် မန်စီးတီးအသင်း၏ ပွဲစဉ်အချို့နှင့် လွဲချော်ခဲ့ရပြီး လက်ရှိတွင် မန်စီးတီးအသင်း၏ လိဗ်ဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ရမည့် အက်ဖ်အေဖလားပြိုင်ပွဲအတွက် မန်စီးတီးအသင်း၏ လေ့ကျင့်ရေးကွင်းတွင် ပြန်လည်လေ့ကျင့်ကစားနေပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီးတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် မိသားစုကိစ္စရပ်များကြောင့် မန်စီးတီးအသင်း၏ ဆောက်သမ်တန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရသည့် ပရီမီယာလိဂ်ပွဲစဉ် (၂၆)နှင့် လွဲချော်ခဲ့ကာ မန်စီးတီးအသင်းက ဆောက်သမ်တန် အသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။ မန်စီးတီးအသင်းနည်းပြ ရောဘတ်တိုမန်စီနီအနေဖြင့်လည်း အသက် (၂၉)နှစ် အရွယ်ရှိ တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ် ပါဝင်လာမည်ဖြစ်၍ အသင်း၏ကစားပုံကိုလည်း ပြောင်းလဲပစ်ရန် အသင့်ရှိနေသည်ဟု ဆိုသည်။

ဆောက်သမ်တန်အသင်းကို ရှုံးနိမ့်ခဲ့ခြင်းမှာ သုံးနှစ်တာကာလအတွင်း အဆိုးရွားဆုံးစွမ်းဆောင်ရည်ဖြစ်ကြောင်း၊ ယင်းရှုံးနိမ့်မှုကို သင်ခန်းစာယူကာ အားနည်းချက်များကို ပြင်ဆင်ရမည်ဖြစ်ကြောင်း မန်စီးတီးအသင်းမန်နေဂျာ ရောဘတ်တိုမန်စီနီက ဆိုသည်။

ထို့အပြင် တီဗက်ဇ်ပါဝင်လာမည့် လိဗ်ဒ်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားပွဲစဉ်တွင် အနိုင်ရရှိမည့်နည်းလမ်းကို ပြန်လည်ရှာဖွေရမည်ဖြစ်ကြောင်းလည်း မန်စီနီက ဆိုသည်။

ဖီဖာ၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၄)နေရာ အင်္ဂလန်အသင်းရောက်ရှိ

နည်းပြရွိုင်းဟော့ဂ်ဆန်ကိုင်တွယ်လျက်ရှိသော အင်္ဂလန်အသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က ယှဉ်ပြိုင်ကစားခဲ့သော အင်္ဂလန်နှင့် ဘရာဇီးတို့၏ ခြေစမ်းပွဲစဉ်တွင် အင်္ဂလန်အသင်းက ဘရာဇီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ အဆင့်လေးနေရာသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

ကမ္ဘာ့ဖလားနှင့် ဥရောပဖလားချန်ပီယံ စပိန်အသင်းသည် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ထိပ်ဆုံးမှ ရပ်တည်နေစဉ် အင်္ဂလန်အသင်းက ဘရာဇီးအသင်းကို (၂၃) နှစ်တာကာလအတွင်း ပထမဆုံးနိုင်ပွဲရရှိကာ အဆင့်တိုးလာခြင်း ဖြစ်သည်။

စကော့တလန်အသင်းမှာမူ အက်စတိုးနီးယားအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲကစားအပြီးတွင် ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်၏ အဆင့်ငါးနေရာသို့ ရောက်ရှိလာခဲ့သော်လည်း ဝေးလ်အသင်းမှာမူ အဆင့် ၁၃ သို့ရောက်ရှိသွားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်တွင် သတင်းဖော်ပြသည်။

■ ကမ္ဘာ့အရပ်ရပ်က အောင်မြင်ကျော်ကြားနေသော အနုပညာရှင်တွေရဲ့ လျှို့ဝှက်တဲ့ အလှတရား တို့ဖြင့် ရင်ခုန်ခံစားနိုင်မယ့် စာမျက်နှာများ
■ ကိုရီးယား မင်းသား၊ မင်းသမီးတွေလို လှချင်သူတို့အတွက်

အောင်မြင်သူများရဲ့ Beauty secrets

ရတနာသိုက် စာပေတိုက်
အမှတ်-၁၅၂ (ဘီ)၊ ပထမထပ်၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၀၀၆၉၉၊ ၀၉ ၅၁ ၉၆၁၂၃၊
၀၉ ၅၅ ၀၆၁၉၈

ထွက်ပြီ

ဦးကိတ္တိသာရ (ဦးပဉ္စင်း ကျော်ဟိန်း)၏
website: www.athithedi.com
တင်လိုက်ပါသည်။
ခန္ဓာကိုယ်နှင့် စိတ်ရှိသူ-လူသားအားလုံး
စိတ်သက်သာ ငြိမ်းအေးစေရန်အတွက်
www.athithedi.com ထဲ ဝင်ရောက်ပြီး
လိုအပ်သလို ရွေးချယ် အသုံးပြုနိုင်ကြောင်း
လေးစားစွာ အသိပေးအပ်ပါသည်။
သူသူ-ခင်ခဲ-နေဝင်း

လှိုင်သာယာစက်မှုဇုန် ၄အနီး တိုက်နှစ်ထပ်အဆောင် အခန်း(၁၈)ခန်းပါ လက်ရှိတစ်လဝင်ငွေ (၅)သိန်းခန့်ရှိ ရေ၊ မီးစုံ ဖုန်းပါ၊ အမြန်ရောင်းမည်။ ရောင်းဈေး(ညှိနှိုင်း) (ပွဲစားမလို)
ဆက်သွယ်ရန်ဖုန်း-
၀၉-၄၂၅၃၁၁၈၁၇
၀၉-၄၂၀၀၂၉၉၆

ကျေးဇူးဆပ်ပါမည်

၁၃-၂-၂၀၁၃ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်၊ ရေကျော်၊ မြောင်းကြီး လမ်း၊ တိုက်(၂၂)မှ အောင်မင်္ဂလာ အဝေးပြေးသို့ သွားရောက်စဉ် အငှားယာဉ်တစ်စီးပေါ်တွင် Passport နှင့် အရေးကြီးစာရွက်စာတမ်းများပါ အိတ်မေ့ကျန်သဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့လျှင် ကျေးဇူးဆပ်ပါမည်။
ဦးဖော်လားကမ်ဖန် ဖုန်း-၀၉-၆၄၂၂၄၈၀
ဒေါ်လွှမ်းညွှယ် ဖုန်း-၀၉-၄၇၀၁၅၆၈၀

Thousand Islands Travels & Tours
MYANMAR TOUR EAST TRAVELS & TOURS

ပျော်ပျော်ပါးပါး သင်္ကြန်ခရီးစဉ်များ

ဗန်ကောက် - ဖူးခက်	12 April	840,000 Ks
ဗန်ကောက် - ပတ္တရား	13 April	520,000 Ks
စင်ကာပူ - မလေးရှား	12 April	1100,000 Ks
ဘာလီကျွန်း - စင်ကာပူ	12 April	1350,000 Ks
ကမ္ဘောဒီးယား - ဗီယက်နမ်	13 April	1100,000 Ks
ဟောင်ကောင် - မကာအို	12 April	1400,000 Ks
ကိုရီးယား	13 April	1850,000 Ks
အိန္ဒိယ (သံဝေဇနီယလေးဌာန)	12 April	1150,000 Ks
မူဆယ် - ရွှေလီ	12 April	300,000 Ks
ဂျပန်	12/13 April	2800,000 Ks

** ကမ္ဘာ့အဆင့်မီ Star Cruise ဇိမ်ခံသင်္ဘောခရီးစဉ် **

ဝယ်ယူနိုင်သောနေရာများ

Myanmar Tour East Travels & Tours
Ph : 381 334, 392 697, 09 51 38402,
09 731 12217, 09 431 26270.

Thousand Islands Travels & Tours
Ph : 011 220 834, 09 51 17891,
09 4210 47022, 09 4500 1676.

အထူးအစီအစဉ်အနေဖြင့် ခရီးစဉ်များကို February လအတွင်းကြိုတင်စာရင်းပေးသူများအား ၁၀,၀၀၀ ကျပ် လျှော့ပေးပါမည်။

ငွေရတုမင်္ဂလာရက်မြတ်ဆုတောင်း

၁၆-၂-၂၀၁၃ရက်မှာ ကျရောက်တဲ့ ဖေဖေ ဒေါက်တာထွန်းလှအောင်နဲ့ မေမေ ဒေါ်တင်တင်မာတို့ရဲ့ (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရတုအဆက်ဆက် သာယာပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုတောင်းဂုဏ်ပြုအပ်ပါတယ် ခင်ဗျာ။

သားကြီး - ကိုတင်အောင်ဟိန်း(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)
သားငယ် - ဗိုလ်လင်းဖြိုးအောင် B.E(E.C)

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ရွှေနဂါး
ကျိုက်ထီးရိုး-10000/-
ချောင်းသာ -13000/-
စရိတ်ငြိမ်းစီစဉ်ပေးသည်။
Ph.209077, 209388, 09-731 67000

ဧဝတနာရှင်
ရွှေစက်တော် (အဝါ၊ သောကြာ) (၃)ရက် + ပုဂံ၊ ပုပ္ပါး (၅)ရက်
Feb 15,22
Mar 1,8,15,22,23,24,29
မော်တင်စွန်း Mar 11,15,22,23,24
အလောင်းတော် ကဿပ (၅)ရက်
392704, 09 50 66657

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

အလိုရှိသည်

TAG Co.,Ltd.နှင့် ပတ်သက်သော စာရင်းဇယားများအား စစ်ဆေးနိုင်ရန်အတွက် Audit Firm တစ်ခု အမြန်အလိုရှိပါသည်။
ဆက်သွယ်ရန်-TAG CO.,LTD
Ph: 0949238463, 095003576

တိုက်ခန်းရောင်းမည်

တာမွေအဝိုင်းအနီး ပေ(၁၇×၆၅)၊ ၄လွှာ၊ ရေ၊ မီးပိုင် Air Con ပါ ပြင်ဆင်ပြီး အသင့်နေနိုင် သိန်း(၃၇၀)
ဖုန်း-၀၉ ၄၂၀၀၇၈၄၄၆

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောဆာလောလ[၁၂/အစန(နိုင်)၀၄၁၈၉၁]၏ နိုင်ငံသားစိစစ်ရေးကတ်၊ CDC စာအုပ်နှင့် EDH, Watch Keeping, Four ticket, SID, CMC လက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
ဖုန်း-၆၄၀၉၄၁၊ ၃၈၀၉၅၉
ရုံး-ဦးကြည်ဝင်း(ICS)
အမှတ်-၃၀/၃၄၊ အခန်း-၃(B)၊ (၃၉)လမ်း၊ ကျောက်တံတား

ကျီးပေါင်းရောဂါ
စွတ်အပ်မထိုး၊ မနင်းမနှိပ်၊ မနာမကျင် ကုသပေးသည်။
ဆရာဦးခင်ဇော်၊ ဆရာမဒေါ်အေးအေးသိန်း ဖုန်း-၀၉ ၇၃၀၁၅၂၁၅
ဗဟိုဌာန - အေးသစ္စာဆေးခန်း - ဂျီအီးစီအပေါ်ထပ်၊ သာကေတမြို့နယ်၊ ရုပ်ရှင်ရုံအနီး၊ မီးသတ်ရှေ့
ရန်ကုန်မြို့။ ဆေးခန်းဖွင့်ချိန် - နံနက်(၉)နာရီမှ ညနေ(၆)နာရီ
ဆေးခန်းခွဲ - အေးသစ္စာဆေးခန်း ၃၉၈၊ ရွှေဘုံသာအထက်လမ်း၊ J-DONUT ရှေ့ ရန်ကုန်မြို့။
ဆေးခန်းဖွင့်ချိန် - နေ့လည်(၁)နာရီမှ ညနေ(၅)နာရီ တနင်္ဂနွေနေ့တိုင်းဆေးခန်းပိတ်သည်။

CB BANK

ဝမ်းမြောက်ဖွယ်သတင်းကောင်း

မြန်မာနိုင်ငံတွင်ရှိသော ဟိုတယ်များ၊ Shopping Center များ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ Mobile အရောင်းဆိုင်များ၊ ရတနာပစ္စည်းအရောင်းဆိုင်များ နှင့် အမျိုးမျိုးသောဆိုင်များအတွက် CB Bank မှ VISA Card, MasterCard, CUP Card သုံးမျိုးမှကြိုက်နှစ်သက်ရာ Card နှင့်အသုံးပြုနိုင်ရန်စီစဉ်ထားသော POS (Cardနှင့်ငွေပေးချေသောစက်)အားတပ်ဆင်နိုင်ရန်စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်ပါသည်။ လူကြီးမင်းတို့၏ဆိုင်များတွင် အထက်ပါ POS (Cardနှင့်ငွေပေးချေသောစက်)အား တပ်ဆင်နိုင်ရန်အတွက် CB Bank သို့အမြန်ဆုံးစာရင်းပေးသွင်းနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်လိပ်စာ –

CB Bank Merchant Service Centre

Phone : (01) – 378 905, 378 906 (သို့မဟုတ်)

e-mail : pos.merchant@cbbankmm.com

သို့အမြန်ဆုံးဆက်သွယ်နိုင်ပါပြီ။

Let's Win Win Together !

အထက်မြန်မာပြည်သတင်း

စတီရီယိုခေတ်ဦးပိုင်း ထင်ရှားသောအဆိုတော် မန္တလေး၌ဖျော်ဖြေ

မန္တလေး ဖေဖော်ဝါရီ ၁၅

စတီရီယိုခေတ်ဦးပိုင်းကာလတွင် ထင်ရှားသည့်အဆိုတော်ဖြစ်သူ တေးသံရှင် လားရှိုးသိန်းအောင်၏ Live in Mandalay တစ်ကိုယ်တော်ဖျော်ဖြေပွဲကို မန္တလေးမြို့ စွမ်းဟိုတယ် မြက်ခင်းပြင်၌ ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ကျင်းပသည်။ တေးသံရှင် လားရှိုးသိန်းအောင်သည် စတီရီယိုခေတ်ဦးမှ ယနေ့တိုင် လူကြိုက်များရေပန်းစားနေဆဲ တေးသီချင်းများဖြစ်သည့် စက်ခေါင်းအမှတ် ၀၀၉၊ နှုတ်မဆက်နဲ့ငိုချင်တယ်၊ ယောကျ်ားမျက်ရည်၊ တောင်ကြီးညှော့သည်၊ အမေတစ်ခုသားတစ်ခု၊ လွမ်းဖွယ်အစရှိသည့် တေးသီချင်းများအပါအဝင် တေးသီချင်းပေါင်းအပုဒ် ၃၀ ကျော်ကို အားပါးတရဖျော်ဖြေသည်။ အစီအစဉ်တင်ဆက်သူ ဟာသသရုပ်ဆောင် အရိုင်းမှ ပရိသတ်များအား ဟာဒယရွှင်ဆေးတိုက်ကျွေးကာ ပျော်တော်ဆက်သည်။ တစ်ကိုယ်တော်ဖျော်ဖြေပွဲအတွက် ရုံဝင်လက်မှတ်ခမှာ ငွေကျပ် တစ်သောင်းနှင့် သုံးသောင်းသတ်မှတ်ထားပြီး ဖျော်ဖြေပွဲကို ပရိသတ်များမှ အထူးကျေနပ်နှစ်သက်ကြောင်း သိရသည်။ နှစ်ပေါင်းလေးဆယ်ကြာ မြန်မာနိုင်ငံမှ ပရိသတ်များနှင့် ဝေးကွာသွားသည့် တေးသံရှင်လားရှိုးသိန်းအောင်သည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး ပထမအကြိမ် တစ်ကိုယ်တော်ဖျော်ဖြေပွဲကို ဇန်နဝါရီ ၁၉ ရက်က MCC ကွင်းပြင်၌ ကျင်းပခဲ့သည်။

(၀၀၂)

ပထမအကြိမ် အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲ ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်တို့ပူးပေါင်းကျင်းပမည့် ပထမအကြိမ် အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၄ ရက်ထိ ငါးရက်တိုင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ မန္တလေးအမျိုးသားပြဇာတ်ရုံ၌ ခင်းကျင်းပြသမည်ဖြစ်သည်။

အိန္ဒိယကောင်စစ်ဝန်ချုပ်မစ္စတာ Dr. Madam Mohan Sethi က မန္တလေးမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်စေရန်နှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အိန္ဒိယနိုင်ငံ အထည်အလိပ်ဝန်ကြီးဌာန၊ မဏိပူရမြို့နယ် စီးပွားကူးသန်းဦးစီးဌာန၊ လက်မှုအထည်နှင့် လက်မှုအနုပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းမှ ဝါးအခြေခံသော အိမ်တွင်းအနုပညာ ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ ပြသသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပန်းချီ၊ ပန်းပုများ၊ ရွှေချည်ထိုးပစ္စည်းများအား ပြသသွားမည့်အပြင် မြန်မာနိုင်ငံမှ ကုန်စည်များကိုလည်း အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ မဏိပူရမြို့နယ်၌ ဧပြီလတွင် သွားရောက်ပြသခွင့်ရရှိမည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ ပါရဂူကြီးများက တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)၌ ဖေဖော်ဝါရီ ၁၆နှင့် ၁၇ ရက်တို့တွင် ဆေးပညာဖလှယ်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကျော်ထူး)

ပတ်ဝန်းကျင်ကို ဂရုပြုလေးစားဖို့လို

မန္တလေး ဖေဖော်ဝါရီ ၁၅

မိဘအုပ်ထိန်းခြင်း မကင်းသူ လူငယ်လူရွယ်စုံတွဲအချို့ မိဘမျက်စိကွယ်ရာ နေ့ခင်းကြောင်တောင် လူမြင်ကွင်းများ၌ပင် ချိန်းဆိုတွေ့ဆုံမှုများ ပိုမိုများပြားလာကြောင်း တွေ့မြင်နေရသည်။**(အောက်ပုံ)**

မန္တလေးမြို့ လေးပြင်လေးရပ်ကျုံးပတ်လည်၊ မန္တလေးကန်တော်ကြီးပတ်လမ်း၊ မန္တလေးတောင်ဆင်းတောင်တက်လမ်းများတွင် လူငယ်စုံတွဲများကို နေ့/ည တွေ့မြင်နေရပြီး အချို့မှာ ပတ်ဝန်းကျင်သွားလာသူများ မြင်မကောင်းအောင်ပင် ရဲတင်းစွာနေထိုင်ကြကြောင်း မျက်မြင်တွေ့သူများက ပြောသည်။

ထိုသို့ ချိန်းဆိုတွေ့ဆုံသူများတွင် မန္တလေးမြို့ခံ လူငယ်လူရွယ်များအပြင် အဆောင်နေထိုင်သူများ၊ အခြားမြို့များမှ ခေတ္တလာရောက်သူများကိုပါ တွေ့ရှိရသည်။

"လူငယ်သဘာဝ သမီးရည်းစားထားကြတာကတော့ ခေတ်အဆက်ဆက်ကပါပဲ၊ ဒါပေမယ့် အရွယ်မတိုင်ခင်မှာ အိမ်ထောင်တစ်ခုကို ထူထောင်ဖို့ အဆင်သင့်မဖြစ်ခင်မှာ လူငယ်တွေ ရေလိုက်လွဲမှာကိုတော့ စိုးရိမ်မိတယ်၊ နည်းလမ်းစုံနဲ့ လူကုန်ကူးမှုဖြစ်စဉ်တွေကိုလည်း တွေ့မြင်ကြားသိနေရလို့ ကြိုတင်ကာကွယ်နိုင်အောင် တာဝန်ရှိသူတွေက အလွှာအသီးသီးမှာ ပညာပေးမှုတွေပိုမိုဆောင်ရွက်ပေးရပါမယ်၊ လူငယ်တွေအနေနဲ့ စာပေဗဟုသုတလေ့လာလိုက်စားတဲ့ အလေ့အကျင့်ကောင်းတွေ မွေးမြူဖို့ မိဘအုပ်ထိန်းသူတွေ၊ ဆရာ ဆရာမတွေက လေ့ကျင့်ပေးဖို့လိုတယ်လို့ ထင်ပါတယ်။ မိဘတွေအနေနဲ့ သားသမီးတွေရဲ့ အခြေအနေကို မျက်ခြည်မပျက် စောင့်ကြည့်ပြီး လမ်းမှားမရောက်အောင် ငယ်စဉ်ကတည်းက သွန်သင်ဆုံးမဖို့လည်း လိုအပ်ပါတယ်"ဟု မန္တလေးမြို့နေသူတစ်ဦးက ပြောသည်။

အသက် (၂၂)နှစ်အရွယ် လူငယ်အမျိုးသားတစ်ဦးကလည်း "ကျွန်တော်တို့က လူမြင်ကွင်းမှာ တွေ့တာဆိုတော့ အပြစ်ကင်းတယ်လို့ ထင်ပါတယ်။ စာသင်ချိန်တွေ၊ လုပ်ငန်းခွင်တွေ မထိခိုက်ဖို့တော့ လိုတာပေါ့"ဟု ၎င်း၏အမြင်ကိုပြောသည်။

ရဲညွန့်(မန်း)

စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဆောင်းမြေပဲများနုတ်သိမ်း

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ရှည်ကျေးရွာတွင် ဆောင်းမြေပဲများ နုတ်သိမ်းလျက်ရှိရာ ဆောင်းမြေပဲ ငါးဧကခွဲစိုက်ပျိုးထားသည့်တောင်သူတစ်ဦးက "ဒီနှစ်မဆိုးဘူးလို့ခေါ်ရမှာပဲ ရာသီဥတုကောင်းရင်တော့ ဒီထက်မက ထွက်တာပေါ့၊ ဆောင်းမြေပဲအခြောက်တင်း ၂၀၀ လောက်တော့ ထွက်မှာပါ၊ တစ်ဧကပျမ်းမျှ တင်း ၄၀ လောက်ထွက်ပါတယ်။ ဟိုအရင်တုန်းကတော့ ရွာထဲရှိ မြေယာနည်းသူတွေ ခေါ်ပြီး နုတ်သိမ်းရတယ်။**(အောက်ပုံ)** သူတို့တွေ နုတ်သိမ်းဆွတ်လို့ရတဲ့ မြေပဲရှစ်တင်းရရင် သူတို့တွေကို တစ်တင်းပြန်ပေးရတယ်။ ရွာဓလေ့ထုံးစံအတိုင်းပေါ့၊ အခုတော့ အဲဒီလိုမဟုတ်တော့ဘူး၊ တောင်သူ အခင်းရှင်တွေက ကိုယ့်အစီအစဉ်အတိုင်း နုတ်ပြီး ရွာထဲက အမျိုးသမီးပိုင်းတွေကို ခေါ်ပြီး ဆွတ်ခိုင်းပါတယ်။ တစ်နေ့ကို တစ်ဦးလျှင် ငွေကျပ်၂၀၀၀ ပေးရတယ်၊ သူတို့တွေလည်း နေရိပ်ထဲမှာ လုပ်ကိုင်ရတော့ အဆင်ပြေကြပါတယ်။ အခုမြေပဲဆန်ပေါက်ဈေး ကတော့ တစ်ပိဿာကို ငွေကျပ် ၁၈၀၀ ရရှိပါတယ်။ ငွေပင်ငွေရင်းလေးတွေ ပြန်ပေါ်လို့ အဆင်ပြေပါတယ်"ဟု ပြောကြားခဲ့သည်။

(စစ်ကိုင်းခရိုင် ပြန်/ဆက်)

နွေရာသီ ဓာတ်အားပြတ်တောက်မှုများစွာ မဖြစ်စေရေး တစ်ရက် သုံးနာရီခန့် အလှည့်ကျဓာတ်အား ချွေတာသုံးစွဲ

မန္တလေး ဖေဖော်ဝါရီ ၁၅

တစ်နိုင်ငံလုံး ဓာတ်အားထုတ်လုပ်နိုင်မှု၏ ၇၀ ရာခိုင်နှုန်းခန့်သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုအပေါ်မူတည်နေသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် တစ်နိုင်ငံလုံးရှိ ဓာတ်အားသုံးစွဲသူများကို မိုးကာလနှင့် ဆောင်းကာလတွင် လုံလောက်စွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။ နွေဦးကာလ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများနှင့် နွေကာလကြာရှည်မှု မခန့်မှန်းနိုင်သည့်အတွက် မိုးမကျမီကျန်လများတွင် ဓာတ်အားပြတ်တောက်မှုများစွာ မဖြစ်စေရေး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများကို ထိန်းသိမ်းမောင်းနှင ဓာတ်အားပေးလျက်ရှိသည်။

မန္တလေးမြို့ စက်မှုဇုန်များနှင့် ရပ်ကွက်ကျေးရွာများအတွင်းရှိ စက်မှုလုပ်ငန်းများကို အများပြည်သူ ဓာတ်အားသုံးစွဲမှု အများဆုံးအချိန် ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ ဓာတ်အားသုံးစွဲခြင်း မပြုရန် မေတ္တာရပ်ခံခဲ့ပြီး ဓာတ်အားထုတ်လုပ်မှုထက် ဓာတ်အား သုံးစွဲမှုများချိန်တွင် ရပ်ကွက်ပြည်သူများအား တစ်ရက် သုံးနာရီခန့် အလှည့်ကျ ဓာတ်အားပိတ်ချွေတာသုံးစွဲလျက်ရှိကြောင်း သိရသည်။

(၆၅၃)

ဆောင်းမြေပဲအထွက်များပြီး ဈေးနှုန်းပိုရ တောင်သူများ တွက်ခြေကိုက်

မုံရွာ ဖေဖော်ဝါရီ ၁၅

မြေပဲဈေးနှုန်းမှာ ယခင်နှစ် ဇန်နဝါရီလတွင် မြေပဲတစ်တင်း အမြင့်ဆုံး ငွေကျပ် သုံးသောင်းအထိသာ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် မြေပဲတစ်တင်း ငွေကျပ် ၃၄၅၀၀အထိ ပေါက်ဈေးရရှိနေသဖြင့် ယခင်နှစ်ကထက် ဈေးနှုန်းပိုမိုရရှိပြီး ယခုနှစ်အထွက်နှုန်းမှာ တစ်ဧက တင်း ၂၀ မှ ၂၅ တင်းအထိ ထွက်ရှိနေရာ မြေပဲအထွက်ကောင်းပြီး ယခုနှစ်ဆောင်းမြေပဲရာသီတွင် ကြွက်အန္တရာယ် နည်းပါးသွားသဖြင့် အထွက်နှုန်းကောင်းမွန်လာရခြင်းဖြစ်ကြောင်း သိရသည်။

တောင်သူများအတွက် ဆောင်းမြေပဲတစ်ဧက စိုက်ပျိုးစရိတ်ကုန်ကျငွေကျပ် ငါးသောင်းခန့်သာ ရင်းနှီးလုပ်ကိုင်ရပြီး တစ်ဧက တင်း၂၀ ထွက်ရှိလျှင် ငွေကျပ် နှစ်သိန်းခန့် ပြန်လည်ရရှိလာကြသဖြင့် တွက်ခြေကိုက်ကြကြောင်း၊ မြေပဲဈေးနှုန်းမြင့်တက်လာခဲ့ရခြင်းမှာ ဒေသခံဆီကြိတ်လုပ်ငန်းများအနေဖြင့် အိတ်စပို့စ်ဝယ်လက်များနှင့် အပြိုင်ဈေးပေးဝယ်ယူနေသဖြင့် ဈေးနှုန်းများမြင့်တက်လာခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ဒေသခံဆီကြိတ်လုပ်ငန်းများမှာ အိတ်စပို့စ်ဝယ်လက်များနှင့်အပြိုင် ဈေးပေးဝယ်ယူနေကြခြင်းမှာ တွက်ခြေကိုက်၍မဟုတ်ဘဲ မိမိတို့လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် ဝယ်ယူနေကြသဖြင့် ဆီကြိတ်လုပ်ငန်းများမှာအခက်အခဲ ကြုံတွေ့နေကြရကြောင်းလည်း သိရသည်။ ဆီကြိတ်လုပ်ငန်းများ တွက်ခြေကိုက်မှု မရှိလှသော်လည်း တောင်သူများအနေဖြင့် ဈေးကွက်ကောင်းရရှိသဖြင့် တွက်ခြေကိုက်သောနှစ် ဖြစ်နေကြောင်း သိရသည်။

(မျိုးဝင်းထွန်း-မုံရွာ)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၄၃၁၄၅၊ အမျိုးအမည် Kenbo 100 အမျိုးအစား၊ M/c ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ဝင်း၊ မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၀၄၉၇၇၇]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၄၉၂၃၊ Honda Shadow ယာဉ်လက်ဝယ်ရှိသူအမည် ဦးလှိုင်ဝင်းထွေး၊ မှတ်ပုံတင်အမှတ် [၉/မကန (နိုင်) ၀၇၈၆၉၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၉၄၆၅၊ Kenbo 110 Mc ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ချိုချိုသန်း၊ မှတ်ပုံတင်အမှတ် [၉/မနတ (နိုင်) ၀၄၆၄၂၂]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၈ယ/၇၇၈၁၃၊ အမျိုးအမည် Sumbo Star 125 အမျိုးအစားဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ချိုသဲဦး၊ မှတ်ပုံတင်အမှတ် [၉/မဟမ (နိုင်) ၀၅၄၃၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၇ယ/၈၅၂၆၉၊ Zong Shan 110 ယာဉ်လက်ဝယ်ရှိသူအမည် ဦးတေဇာဝင်း၊ မှတ်ပုံတင်အမှတ် [၉/အမဇ (နိုင်)၀၀၈၀၉၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်းအောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

မကွေးမြို့ ကင်းရွာမှ နှစ် (၁၀၀)ကျော် ပြာသာဒ်ကျောင်းကြီး

မကွေးမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ "ကင်း" ရွာမှာ သမိုင်းကြောင်းအရ စောလူးမင်းလက်ထက် ဧရာဝတီမြစ်ဘေး၌ "ကင်း" တပ်များချထားခဲ့သောကြောင့် "ကင်း" ရွာဟုခေါ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

ကုန်းဘောင်ခေတ်တွင် အဆိုပါ ကင်းရွာသည် အိမ်ခြေ ၁၀၀ ခန့်ရှိသော ရွာကလေးဖြစ်လာသည်။ ကင်းရွာ၏ တောင်ဘက်တွင် အုတ်ဖိုရွာရှိသည်။ ဘုရင့်စစ်သည်တော်များ ဘုရားကျောင်းကန်တည်ဆောက်ရန် အုတ်ဖုတ်ရင်းမှ တဖြည်းဖြည်းရွာဖြစ်လာသည်။ ယခုထက်တိုင် အုတ်ဖုတ်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြသည်။ ကင်းရွာနှင့် အုတ်ဖိုရွာကြားတွင် နှစ်တစ်ရာကျော်သက်တမ်းရှိသည့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်း တစ်ကျောင်းရှိသည်။ ပြာသာဒ်ကျောင်းဟုခေါ်သည့် ကျောင်းပရိဝုဏ်သည် ငါးဧက ခန့်ကျယ်သည်။ ထန်းပင်များ၊ မန်ကျည်းပင်ကြီးများဖြင့် အုံ့ဆိုင်းကာ အရိပ်အာဝါသကောင်းလှ၏။ ကျေးငှက်တို့၏ သဘာဝကျူးရင့်သံများဖြင့် သာယာနာပျော်ဖွယ်ကောင်းလှ၏။ ပြာသာဒ်ကျောင်းသည် တိုင်အလုံးပေါင်း ၁၀၆ လုံးရှိပြီး အဆောင်လေးဆောင်ရှိရာ နှစ်ဆောင်မှာ ပြိုပျက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ မြန်မာဗိသုကာပညာရှင်များ၏ ဖွဲ့စည်းတည်ဆောက်ပုံမှာ သစ်ထွင်းပန်းပုရုပ်လုံးရုပ်ကြွများနှင့် ခမ်းနားလှပေသည်။ ပြာသာဒ်ကျောင်းတော်ကြီးကို တောင်ဘက်သို့မျက်နှာမူ၍ အရှေ့အရပ်သို့ ခေါင်းပြုကာ တည်ဆောက်ထား၏။ မူလတည်ဆောက်စဉ်က ပြာသာဒ်ဆောင်၊ ဓနုဆောင်၊ ခန်းမဆောင်နှင့် ဘောဂဆောင်ဟူ၍ ရှိခဲ့ရာ ယခုအခါနှစ်ဆောင်မှာ ပျက်စီးသွားပြီဟု သိရသည်။ လှေကားများမှာ အုတ်လှေကားများ ဖြစ်၏။

သီပေါမင်းလက်ထက်တွင် ပထမဆရာတော် ဦးဝိသုဒ္ဓက ဆောက်လုပ်ခဲ့ကြောင်း ယခုကျောင်းထိုင်နေသော ဦးဝိသုတက အမိန့်ရှိသည်။ ဆရာတော်ကြီး ငါးဆက်ကျောင်းထိုင်ခဲ့ကာ ပထမဆရာတော် ဦးဝိသုဒ္ဓ၊ ဒုတိယဆရာတော် ဦးပညာဓဇ၊ တတိယဆရာတော် ဦးပညာစာရ၊ စတုတ္ထဆရာတော် ဦးနေမိန္ဒနှင့် လက်ရှိဆရာတော် ဦးဝိသုတတို့ဖြစ်ကြသည်။

ပထမဆရာတော်လက်ထက်ကတည်းက ကိုးကွယ်ခဲ့သော ရှေးဟောင်းကြေးဆင်းတုတစ်ဆူနှင့် ရှေးဟောင်းသိမ်ကြီးထဲ၌ စကျင်ကျောက်ရုပ်ပွားတော်တစ်ဆူအား ဖူးတွေ့ရသည်။

ထိုပြာသာဒ်ကျောင်းကြီးတွင် ၁၉၅၀ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ အစိုးရမူလတန်းကျောင်းအဖြစ် စာသင်ခဲ့ပြီး ပထမဆုံးကျောင်းအုပ်ဆရာကြီးမှာ ဆရာလှကြီးဆိုသူဖြစ်သည်။ ယခုအခါ ရှေးဟောင်းပြာသာဒ်ကျောင်းကြီးမှာ ယိုင်နဲ့လျက် အခင်း၊ အကာများ၊ အမိုးများ ဆွေးမြည့်ပေါက်ပြဲကာ လေပြင်းမုန်တိုင်းနှင့်ကြုံတွေ့ပါလျှင် ပြိုလဲသွားနိုင်သည့်အနေအထားတွင်ရှိပါသည်။ ရှေးဟောင်းအမွေအနှစ်မြန်မာမှုဗိသုကာများ ဆက်လက်ထိန်းသိမ်းထားဖို့ အထူးလိုအပ်လှပါသည်။

(မကွေးလှမြင့်)

မွန်ပြည်နယ်ဘက်မှ တည်းပိုထွက်ရန် အခြေအနေများရှိကြောင်း သိရ

ရန်ကုန် ဖေဖော်ဝါရီ ၁၅

ယခုနှစ် တည်းပေါ်ချိန်တွင် ယခင်နှစ်ကထက် သီးထွက်အားပိုမိုကောင်းလာမည့် အခြေအနေရှိနေကြောင်း မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ တည်းစိုက်သော တောင်သူများထံမှ သိရသည်။

"အပင်မှာ အပွင့်တွေတော့ ညွတ်နေတာပဲ။ ဒီနှစ်တော့ ပိုထွက်မယ်လို့ ခန့်မှန်းထားတယ်" ဟု တံတားဦး စံပြကျေးရွာမှ ဒေါ်တင်ရီက ပြောပြသည်။ သီးထွက်စောသည့် အပင်များ လာမည့် မတ်လအတွင်းတွင် စတင်ထွက်ရှိခြင်းများရှိသလို မတ်လအကုန် ဧပြီလအကူးကာလများတွင် တည်းများ လှိုင်လှိုင်ပေါ်သောရာသီသို့ ရောက်ရှိလာမည်ဟု သိရသည်။

ယခုနှစ် တည်းရာသီတွင် သီးထွက်အားကောင်းမည်ကို ခန့်မှန်းထားကြသော်လည်း သီးထွက်များပါက ဈေးနှုန်းကျဆင်းတတ်သည့်အခြေအနေအပေါ် တောင်သူများက စိုးရိမ်နေကြသည်။ လွန်ခဲ့သော နှစ်က တည်းပေါ်ချိန်တွင် ဒေသဈေးမှာ အလုံးလှပါက တစ်လုံးလျှင် ကျပ် ၅၀၊ ၆၀ ဈေးရှိပြီး ရန်ကုန်မြို့ သီရိမင်္ဂလာဈေးရှိ ပွဲရုံများက အလုံးအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် ၁၀၀ အထိ ဈေးပေးကြခြင်း ဖြစ်ကြောင်း၊ မကြာမီ တည်းထွက်ပေါ်မှုနှင့်အတူ ဈေးနှုန်းအခြေအနေကို စိုးရိမ်စောင့်စားနေကြကြောင်း သိရသည်။

(၆၈၀)

မကွေး၌ တိုင်းရင်းသားအစားအစာရောင်းချပွဲနှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

မကွေး ဖေဖော်ဝါရီ ၁၅

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးပြုလုပ်သည့် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားအစားအစာရောင်းချပွဲနှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲကို ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီတွင် မကွေးမြို့ အဆင့်မြင့်မြို့တော်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စမ်းစမ်းမြင့် တက်ရောက်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအစားအစာနှင့်ပစ္စည်းများရောင်းချနေမှုများအား လိုက်လံကြည့်ရှုအားပေးကာ မကွေးမြို့ပေါ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူကလေးများက တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

ခင်မာလာ(မကွေး)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ သမိုင်းဝင်ထူပါရုံစေတီတော်ဘက်စုံပြုပြင်ရန် သီတဂူအထူးဓမ္မသဘင်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ ပိုးတန်းရပ်ရှိ သမိုင်းဝင်ထူပါရုံစေတီတော်ကြီးမှာ ငလျင်ဒဏ်ကြောင့် စေတီတော်ကြီး၏ လုံးပတ်တော်၌ အက်ကြောင်းကြီးများ (၁၅)နေရာ ကွဲအက်မှုဖြစ်ပေါ်ခဲ့ပါသည်။

ယခုအခါ သီတဂူဆရာတော်ကြီး ကိုယ်တိုင် ဦးစီးဦးဆောင်ပြု၍ စေတီတော်ကြီး၏ ဉာဏ်တော်နှင့် လုံးပတ်တော်တို့ကို တိုးမြှင့်ကာ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) ထူပါရာမစေတီတော်ကြီး၏ပုံတော်အတိုင်း ပြန်လည်ပြုပြင်ကာ တည်ထားမည်ဖြစ်ပါသည်။

သမိုင်းဝင်ထူပါရုံစေတီတော်မြတ်ကြီး ပြန်လည်တည်ထားပြုပြင်ရာ၌ အားလုံးသောအလှူရှင်များ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရန်အတွက် သမိုင်းဝင်ထူပါရုံ စေတီတော်အလှူ သီတဂူအထူးဓမ္မသဘင်ကို ရန်ကုန်မြို့ ၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး (သွားဆေးတက္ကသိုလ်)ရှေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

သမိုင်းဝင်ထူပါရုံစေတီတော်အလှူ သီတဂူအထူးဓမ္မသဘင်တွင် တရားပွဲမတည်အလှူရှင်အဖြစ် **ဒေါ်ရွှေဥ – ရွှေဥရာစုသစ်** စိန်ရွှေရတနာဆိုင်မှ ဓမ္မဒါနကုသိုလ်ပြုပြီး

၁၇.၂.၂၀၁၃ (တနင်္ဂနွေနေ့) – ခင်မကန်ဆရာတော်အရှင်ခေမိန္ဒ၊ သာသနပြုနယ်လှည့်ဓမ္မကထိက၊ စစ်ကိုင်း။
၁၈.၂.၂၀၁၃ (တနင်္လာနေ့) – သီတဂူအရှင်တိက္ခသာရ (သာသနဓဇဓမ္မာစရိယ B.A၊M.A)၊ ကထိကဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်။
၁၉.၂.၂၀၁၃ (အင်္ဂါနေ့) – ဒေါက်တာအရှင်ကိတ္တိဗလ၊ မော်ကွန်းထိန်းဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်း။
၂၀.၂.၂၀၁၃ (ဗုဒ္ဓဟူးနေ့) – သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၊ မဟာဓမ္မကထိက၊ အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D.Litt၊ သီတဂူသာသနာပြုအဖွဲ့နှင့် သီတဂူတက္ကသိုလ်များ၏ အဓိပတိချုပ်။

ဆရာတော်အရှင်သူမြတ်တို့မှ တရားတော်များကို ညစဉ်(၇း၃၀)တွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ပါသောကြောင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဦးရဲမင်းပိုင်(သချ်ာ)သင်တန်းကြေး-၂၅၀၀၀
ငွေ ၁၀တန်း-၉တန်းဘာသာစုံ(၇.၃.၂၀၁၃စမည်)
၁၆၅ ဆိပ်ကမ်းသာလမ်း ဦးရဲမင်းပိုင်စာသင်ခန်းမ ၀၉ ၇၃၁ ၆၁၁၄၀

တရုတ်
စကားပြောရုံပဲဆိုရင် (တရုတ်)စာမတတ်လည်းပြောလို့ရတယ်။
Sayar.Yang
ENGLISH
Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း
Great Wall
စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

ကိုရီးယား E.P.S (TOPIK) စာမေးပွဲ
(အီကီ၊ ဒွတ်ကီ၊ စုဂီ၊ မာရာဂီ 4 Skill) စနစ်သစ်ဖြင့် ဖြေဆိုရမည့် စာမေးပွဲ. . .
သင်☛တစ်ကြိမ်တည်းနှင့်အောင်ဖို့လိုပါသည်
'၂၀၀၈ ခုနှစ် မှ ၂၀၁၂ ခုနှစ်အတွင်း အောင်ချက်အကောင်းဆုံးသင်တန်း'
သင်တန်းကာလ ၃ လ တစ်ပတ်(၅)ရက်၊ သင်တန်းကြေး(၁၀၀၀၀၀)ကျပ်(အစအဆုံး+အပြီးစီး)
အသေးစိတ်စုံ စမ်းမေးမြန်းလိုပါက ➢ ကိုထွေး ၀၁ ၃၈၉၇၄၀၊ ၀၉ ၄၅၀၀ ၂၀၃၃၇
အမှတ်(၂၃၅)၊ ဒုတိယထပ်၊ (၃၇)လမ်း(အထက်)၊ ကျောက်တံတား(**Ruby Mart**အနီး)
အခြေခံတန်းခွဲသစ်များစပြီ (နယ်ကျောင်းသားများအတွက် နေ-စား စီစဉ်ပေးပါသည်)

ဦးဇော်မြင့် B.A (Korean) Y.U.F.L
ကိုယ်တိုင်ဦးစီးသင်ကြားသော
"ကိုရီးယားဘာသာ"
အထူးသီးသန့်သင်တန်းကျောင်း
မေလထူး E.P.S TOPIK ဖြေဆိုမည့်သူများအတွက်(Special)
တန်းခွဲသစ်များဖွင့်လှစ်ပါမည်။ လူဦးရေကန့်သတ် လက်ခံမည်ဖြစ်ပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါပြီ။
(အလုပ်ချိန်ပြင်ပ သင်တန်းများလည်းဖွင့်လှစ်ပါမည်။)
အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊
ရန်ကုန်–အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉–၄၃၀၉၇၅၁၇

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂
မလိခဦးလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သော စည်းကမ်း၊ စေတနာ၊ ပညာ တို့တွင် စံပြ
ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း
(၉) တန်း၊ (၁၀) တန်းအဆင့်မြင့်ဘော်ဒါ
■ ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများဖြင့်ကျောင်းသား၊ ကျောင်းသူသီးသန့်စီ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။
■ ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး၊ ယုံကြည်စိတ်ချ၊ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။
■ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
ခြံအမှတ် ၄၂ (ခ)၊ နှင်းဆီလမ်းနှင့် ပါရမီ လမ်းမကြီးထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၆၆၁၄၁၉၊ ၀၉ – ၅၁၃၅၈၀၁

အခန်းဆက်ဝတ္ထု

(ယမန်နေ့မှအဆက်)

ဤသို့ သတိမေ့မောနေမိသည်ပင် အချိန်အတန် လစ်သွားသောကြောင့် မိမိတို့တောင်ပိုင်းသို့ပင် ချင်းတွေ ဝိုင်းမိလျက် အိမ်တိုင်းစေ့မီးတင်၍ လူသူတွေ့သမျှတို့ကို ဓားနှင့်ခုတ်၊ မှိန်းနှင့်ထိုးလုပ်နေသည်ကို တွေ့ရလေ၏။ တစ်ရွာလုံးတွင် မီးကြီးလောင်၍ တဟည်းဟည်းဖြစ်ကာ ရွာသူ ရွာသားတို့လည်း ကစဥ့်ကလျှဲ ထွက်ပြေးသူပြေး၊ မပြေးနိုင်သူ၊ ချင်းလက်တွင်းသို့ ရောက်၍ ခေါင်းပြတ်၊ ခြေပြတ်ဖြစ်ကာ နောက်ဆုံးမိမိတို့အိမ်ကိုမီးစွဲ၍ တဝင်းဝင်းတထိန်ထိန် မီးအရှိန်ကြီးစွာနှင့် လောင်ကျွမ်းလာမှ ကပျာကယာထကာ မယ်ထားလာဟုဆို၍ အိမ်ပေါ်မှခုန်၍ဆင်းကာ နောက်ဖေးမှောင်ရိပ်ရှိရာ ငှက်ပျောပင်များအကြားသို့ တိုးပြေးရလေ၏။

မောင်ဘချိုနှင့် မယ်ထားတို့ ဆင်း၍ပြေးလျှင်ပင် ချင်းတို့သည် အိမ်ထဲသို့ဝင်လာ၍ နွားတင်းကုပ်ကို ဖျက်ကြလေ၏။ ထို့ကြောင့် မောင်ဘချိုလည်း ငှက်ပျောရုံမှ တစ်ဖန် မယ်ထားအားဆွဲ၍ တပ်ဆီသို့ပြေးရာ မီးလျှံကြီး တစ်ခုထလာ၍ဝင်းခနဲနေသောကြောင့် ချင်းတစ်ကောင် မြင်လိုက်၍ မှိန်းနှင့်လှမ်း၍ ထိုးလိုက်ရာ မောင်ဘချိုမှာ အတိမ်းမြန်သဖြင့် သီသီကလေးနှင့် လွဲသွားလေ၏။ မောင်ဘချိုလည်းတပ်သို့ရောက်လျှင် ပျက်နေသော တပ်ပေါက်ကလေးကို အရန်သင့်တွေ့၍ မယ်ထားအား ရှေ့ကအတင်းထွက်စေရလေ၏။ ယခင်ချင်းလည်း အတင်းပြေး၍ လိုက်လာရာ မောင်ဘချိုတပ်ပြင်သို့ ရောက်လျှင် တပ်ပေါက်သို့ရောက်လာ၍ မယ်ထားအားရှေ့ ကအပြေးခိုင်းပြီးလျှင် အဝကစောင့်ကာ ချင်း၏ခေါင်း တပ်ပေါက်က ထွက်၍အလာတွင် တစ်ချက်တည်းခုတ်ချ၍ ထွက်ပြေးရလေ၏။ သို့သော် ဤသို့ခုတ်လိုက်သည်ကို နောက်က ချင်းသုံးယောက်တို့က မြင်လိုက်သဖြင့် ဓားကြီးများကိုကိုင်ကာ အတင်းလိုက်၍လာကြလေ၏။

တပ်ပြင်သို့ရောက်လျှင် မောင်ဘချိုနှင့် မယ်ထားတို့မှာ မှောင်ကြီးမည်းမည်းဖြစ်၍ လမ်းပန်းမမြင်သော်လည်း နောက်က ရန်သူထက်ကြပ်မကွာပါ၍ လာသောကြောင့် တောချုံထူရာကိုသာ တန်းမှန်း၍ ပြေးရလေ၏။ နောက်က အော်ဟစ်လိုက်လာသော လူသံခြေသံတို့ကလည်း မစဲသဖြင့် ရှေ့တည့်ရာကိုသာ ပြေးခဲ့ကြရာ ၁ နာရီမျှ လောက်ရှိလျှင်ပင် မယ်ထားမှာ မပြေးနိုင်၍ ကျန်ရစ်ခဲ့တော့မလိုလို ဖြစ်လေ၏။ သို့သော် မောင်ဘချိုမှာ မထားခဲ့နိုင်ဘဲ ရပ်တန့်စောင့်နေရာ နောက်ကခြေသံများ ပြတ်စဲသွားသဖြင့် ဧကန္တ ချင်းတွေလမ်းမှား၍ လိုက်သွားမည်ဟု တွေးထင်ကာ မိမိလည်းခြေကုန်လက်ပန်းကျလျက် သစ်ပင်ကြီးတစ်ပင်ကို မှီ၍ နေရလေ၏။ ရွာဆီပြန်၍ကြည့်လိုက်သောအခါမူကား ရွာကလေးမှာ သစ်ပင်တွေအကြား၌ မီးတထိန်ထိန်နှင့် လောင်ကျွမ်းနေသည်ကို တွေ့ရသည့်ပြင် မိမိတို့ပြေး၍လာခဲ့သည်မှာ မြေညီမဟုတ်၊ ရောက်မှန်းမသိ တောင်ထိပ်တစ်ခုသို့ရောက်နေသည်ကို တွေ့ရလေ၏။

ချိန်ဆ၍ကြည့်လိုက်သောအခါ ရွာအနောက်ခရီး နှစ်တိုင်ခန့်မျှလောက်ရောက်၍ ဤနေရာဒေသကား၊ ချင်းရိုင်းတို့ ကျက်စားရာဖြစ်နေ၍ သာ၍ထိတ်လန့်လျက် ရွာတွင်နေသည်ထက် ဤနေရာက သာ၍ဆိုးသွမ်းသည်ကို သိသဖြင့် အရှေ့သို့ပြေးရန် ကြံစည်မိလေ၏။ ညအချိန်ကား မမြင်နိုင်၍ အရေးမကြီး၊ နေ့အချိန်နေထွက်၍ လင်းလာလျှင် အပြေးရ၊ အပုန်းရခက်မည်ကိုသိ၍ ပြေးရန် အချိန်ကို ကြည့်လိုက်သောအခါ မြောက်ဘက်ကောင်းကင်၌ ခုနစ်စင်ကြယ်ပြောင်သည် အမြီးကြီးထောင်လျက် မြေသို့ ဆင်းတော့မည်ဆဲဆဲကိုတွေ့ရသဖြင့် မကြာမီ မိုးလင်းတော့မည်ကို သိရလေ၏။ အချိန်မှာ အလွန်နည်းငယ် ပြေးရမည့်ခရီးမှာ များစွာဝေးလိမ့်မည်ကိုသိသဖြင့်

ဂနိုင်ကြော့

စိတ်ထဲ၌ မကြံရနိုင်သော်လည်း ကံအားလျော်စွာ ဖြစ်ရချေတော့မည်ဟု စိတ်ကိုတင်းလျက် မယ်ထားအားခေါ်ကာ သစ်ပင်ချုံရိပ်များအကြားက သတိထား၍ ပြေးရကြပြန်လေ၏။

လမ်းမဟုတ်သည့်ပြင် ကွင်းလပ်မြေပြင်တို့ကိုလည်း ချင်းများနှင့်တွေ့နေမည်ကိုစိုးရသောကြောင့် ချောက်ကြိုလျှိုကြားများကသာ ပြေး၍လာခဲ့ကြရာ မယ်ထားမှာ နှစ်တောင်ခန့်လောက် တက်ဆင်းမိလျှင်ပင် လုံးလုံးကြီး မသွားနိုင်ပြီဖြစ်သောကြောင့် မောင်ဘချိုမှာ ခရီးကို ကြည့်ပြန်သောအခါ ရွာကိုမကျော်သေး၊ ရွာနှင့်တစ်တန်းတည်းဖြစ်နေသောကြောင့် မယ်ထားအား ပွေ့ချီကာ တဖြည်းဖြည်းနှင့် လာခဲ့ရလေ၏။ သို့သော် ကြာရှည်လည်း ဆက်၍ မသွားနိုင်၊ ကျောက်စွန်းဆူး၊ ငုတ်ဆူး၊ ကိုင်းဆူး၊ချုံတို့ကိုတိုး၍ လာခဲ့ရသဖြင့် တစ်ကိုယ်လုံးတွင် အရည်အသားများစုတ်ပြတ်လျက် အချို့အချို့သောနေရာများက သွေးတဒီးဒီးကျဆင်း၍နေသောကြောင့် တောင်ကမ်းပါးကလေး တစ်ခု၊ ချုံကောင်းရာတွင်ချ၍ရပ်နားကာ နောက်တစ်နေ့ အဖို့ ပုန်းအောင်းရန် ပြင်ဆင်ရလေ၏။



အရှင်လတ်လတ်သောကိုယ်ကို ဓားနှင့်တိ၍ပြကာ၊ မင်းဘယ်အပိုင်းယူမလဲ၊ ငါက ခေါင်းကိုယူမယ်။ မင်းကပေါင်ကိုယူ၊ အသည်းကိုနတ်တင်ရမယ်၊ လျှာသားကလေးများ

> စိတ်ကလည်းနွမ်း၊ လူကလည်းပန်းလျက်၊ လမ်းမှမှန်အောင်မလျှောက်နိုင်ရှိသော်လည်း တွေ့အောင် ရှာမဟဲ့ဟု ခဲသောစိတ်က ဆောင်ကြဉ်းနေသောကြောင့် တစ်နေ့လုံးလုံး တစ်ကုန်းမှ တစ်ကုန်း၊ တစ်တောင်မှ တစ်တောင် မှီကာ တစ်ချက်၊ ဖက်ကာတစ်ကြိမ်၊ လိမ်ကာတစ်လှည့် နွဲ့ကာတစ်လီ၊ ကသီကရီနှင့် လာခဲ့ရာ ညနေတိုင်သို့ရောက်သောအခါ မည်သို့ပင်အားခဲသော်လည်းမရ၊ ခြေတို့သည် လှမ်း၍မျှမပါ

ထိုအချိန်တွင် ကောင်းကင်မှကြယ်များမှာ တသောသော၊ တဝင်းဝင်းနှင့် ကြွေကျလျောဆင်းကာ၊ အရှေ့ဝဠာ အာကာပြင်မှ ရောင်နီတွေတက်ကြွလျက်၊ မိုးလင်းစပြုပြီဖြစ်သောကြောင့် မောင်ဘချိုမှာ မယ်ထားအားကြည့်လိုက်ရာ မယ်ထားမှာအိပ်ပျော်လျက်၊ တစ်ကိုယ်လုံးတွင် မိမိကဲ့သို့ အသားအရေကလေးများ ပေါက်ပြတ်စုတ်ပြလျက်၊ အဝတ်များမှာ သွေးတရဲရဲနေသည်ကို မြင်ရလေ၏။ ခြေဖဝါးကလေးများကို စမ်းကြည့်လိုက်သောအခါမူကား ဖဝါးများကွဲလျက် ဆူးဝင်နေသော ဆူးစများကို တွေ့ရလေ၏။ သို့သော် အိပ်ပျော်နေသဖြင့် အမောမှပြေစေတော့ဟု မနှိုးဘဲ နူးညံ့သောမြက်ခင်းကလေးတစ်ခုကိုရှာကာ၊ ကောင်းစွာ သိပ်ထား၍ မိမိမူကား ချောင်းစပ်ကလေးတစ်ခုကိုရှာကာ သွေးအလိမ်းလိမ်းနေသည်များကို ဆေးကြောသုတ်သင်ပြီးလျှင် မချိအောင် နွမ်းလျလှသောကြောင့် မယ်ထားအိပ်နေသောအနီးက ကျောက်တုံးတစ်ခုကိုမှီကာ အိပ်ပျော်၍သွားလေ၏။

ချင်းတစ်ကျိပ်လောက်တို့သည် အလယ်ကတထိန်ထိန် တညီးညီးတောက်လောင်နေသော မီးဖိုကြီးကို ဝိုင်း၍ထိုင်လျက် မိမိကိုယ်ကား ကြိုးနှင့်တုပ်နှောင်ထားပြီးလျှင် အရက်ခေါင်ရေတို့ကိုသောက်စားကာ ကခုန်မြူးတူး ပျော်ပါးနေသည်မှာ ကြောက်မက်ဖွယ်ကောင်းပေ၏။ ဗိုလ်လုပ်သော ချင်းကြီးတစ်ကောင်ကမူကား၊ လူပေါင်ကြီးတစ်ခုမှ အသားကို ဖြတ်ကာဖြတ်ကာ မီးတွေကင်၍ အရက်နှင့် မြည်းနေလေ၏။ အတန်ကြာကာလ မိမိအား လာရောက်ဆွဲခေါ်ကာ မီးဖိုအနီးတွင်ချလျက် ချင်းကြီးတစ်ကောင်က ကြောက်မက်ဖွယ်ရာ၊ မိမိအား ကြည့်၍သွားရည်များကျ၍ မီးကင်ပြီး ခေါင်ရည် နှင့်မြည်းလိုက်ရရင် တယ်ကောင်းမှာပဲ။ ကိုင်းကိုင်းကြာကြာပြောမနေကြနဲ့ တစ်ကိုယ်လုံးမီးကင်ပြီးမှ ခွဲယူမယ်ဟုဆိုကာ မိမိအားကြိုးများကိုဖြေ၍ မီးပုံထဲသို့ တွန်းထိုးချကြရာ မိမိမှာမီးကဟပ်လိုက်တိုင်း နောက်သို့အတင်းဆုတ်၊ ဆုတ်လိုက်မိလျှင်လည်း နောက်ကလှံများကစူး၊ လှံကိုကြောက်၍ရှေ့သို့တိုးလိုက်လျှင်လည်း အလျှံထိန်ထိန်တောက်သော နဂါးပါးစပ်ကြီးကဲ့သို့သော မီးတောက်ကြီးက ဟပ်လိုက်သဖြင့် မချိမဆံ့ သေရတော့မည်လောက် ပူပြင်းလှသဖြင့် တတွန့်တွန့် တလူးလူးနေရလေ၏။ အသက်ဘေးဖြစ်သဖြင့် လည်းအားရှိသမျှ ရုန်းကန်လိုက်ရာ နောက်ဆုံးခြေဖျားနှင့် တစ်စုံတစ်ခုကို ကန်မိ၍ အလွန်နာကျင်သောအခါမှ မောင်ဘချိုမှာ ကပျာကယာထ၍ ခြေဖျားအား ဆုပ်ကိုင်နေမိကြောင်းကို သိရလေ၏။

ဤသို့နိုး၍ လာလျှင်လာခြင်း ထိတ်လန့်လျက် မျက်လုံးကြီးများပြူးကာ ဘေးပတ်လည်ကို ကြည့်လိုက်ရာ ချင်းတို့ကိုလည်း မမြင်၊ မီးဖိုကြီးကိုလည်းမတွေ့၊ မိမိမှာ မြက်ခင်းကလေးတစ်ခုတွင် အိပ်လျက်၊ အထက်မှ မွန်းတည့်သဖြင့် တည့်တည့်ထိပ်က တထိန်ထိန်တရှိန်ရှိန် အလွန်ပူစွာ နေမင်းကြီးသည် ထိုးချနေလျက် တစ်ကိုယ်လုံးတွင် ချွေးတပြိုက်ပြိုက်နှင့်နေကြောင်းကို တွေ့ရလေ၏။ ရုတ်တရက်သော် မည်သို့ဖြစ်သည်ကို တွေးတောမရနိုင်ဘဲ မိမိ၌ခံစား၍နေရသော ပူလောင်ပြင်းပြခြင်းနှင့် ကြောက်ရွံ့ထိတ်လန့်သောစိတ်များနှင့်သာ တဝေဝေရှိလေ၏။ သို့သော် အတန်ကြာကြာထိုင်၍ငေးနေလျက် တွေဝေထိုင်းမှိုင်းခြင်းများ ကင်းသွားသောအခါ စိတ်တို့သည် ကြည်လင်လာပြီးလျှင် မိမိ၏အဖြစ်ကို ရိပ်မိလာလေ၏။

ယင်းသို့ အဖြစ်အပျက်ကို ရိပ်မိလာသောအခါမှ လည်း စိုးရိမ်ခြင်းပြင်းစွာဖြစ်ကာ ကပျာကယာထ၍ ညက သိပ်ထားသော မယ်ထားအားထ၍ကြည့်ရာ သိပ်ထားသောနေရာတွင်မရှိ အိပ်နေသောနေရာတွင် မြက်ပင်ကလေးများမှာလဲ၍ပိပြားနေသည်သာ တွေ့ရသောကြောင့် ခေါင်းထဲကဦးနှောက်များ ပြုံးခနဲကန်၍ ထွက်သွားဘိသကဲ့သို့ ထင်လိုက်ရလေ၏။ ပြီးသောအခါမှ ကပျာကယာ မိမိအလျှင်နိုး၍ တပိုတပါး ရေရှာအစာရှာများ ထ၍သွားလေသလားဟု တွေးတောကာ အနီးပတ်လည် မြောင်ကြိုလျှိုကြားရှိရာသို့သာ တကြော်ကြော် ခေါ်လျက် အော်လျက်လိုက်၍ရှာသော်လည်းမတွေ့၊ အသေအချာ ပျောက်နေပြီကို တွေ့ရလေ၏။

အိပ်၍နေစဉ် ကျားသစ်ရဲတို့ ချီ၍သွားလေသလား၊ သို့တည်းမဟုတ် ကယောင်ကတမ်းနှင့် ထ၍သွားသောကြောင့် မနီးမဝေးက ချောက်ကြီးထဲသို့ ကျ၍ဆုံးလေသလား သို့မဟုတ်က တစ်ခေါ်လောက်ဝေးသော နေရာတွင်တွေ့ရသော ချောင်းရေအယဉ်တွင် သွားရောက်ရေချိုးရင်း မျော၍ပါလေသလော သို့တည်းမဟုတ်က ချင်းများတွေ့၍ ဖမ်းသွားလေပြီလောဟူ၍လည်း ထွေထွေရာရာတို့ကို တွေးကြံမိလေ၏။

ချင်းများလက်သို့ ရောက်သည်ဟူ၍ကား မတွေးနိုင်အောင် ရှိလေ၏။ ချင်းများလက်သို့ ရောက်လျှင် သတ်သော်ကား သတ်မည်မဟုတ်၊ မယ်ထားအား လှပသောသူဖြစ်သဖြင့် သင်းတို့အကြီးအကဲသို့ အပ်နှံလျက် ဧကန္တသဘောတူသော၊ မတူသော နားမလည်၊ ချင်းကြီးက အတင်းအဓမ္မ မယားပေါင်းများစွာတို့တွင် တစ်ယောက် အပါအဝင်ပြုလိုက်မည်မှာ မလွဲတည်း။ ဤသို့ဖြစ်လျှင်ကား မယ်ထားကလေးမှာ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်လျက် သေရသည်ထက် ဆိုးချေတော့မည်။ ဘုရားသိကြားမလို့ ချင်းတို့လက်ထဲမရောက်ဘဲ ကျားကိုက်လို့သေသေ၊ ဆင်နင်းလို့ကြေကြေ မနေရပါစေနဲ့ဟူ၍ များပင် ဆုတောင်းမိလေ၏။

ဤသို့ အထွေထွေတို့ကို တွေးလျက် စိုးလည်းစိုးရိမ်၊ လွမ်းလည်းလွမ်း၊ မိမိကိုယ်တွင်လည်း မချိဖြစ်လှသောကြောင့် ဤနေရာတွင် ရူးတော့မလောက်ဖြစ်သွားလေ၏။ ထို့နောက် အတန်ကလေးပြေမှ စိတ်ကိုတင်းကာ ဤမျှနှင့် မအေး စိတ်တလေးလေးနှင့်သာ နေရတော့မည်။ သေလျှင်လည်း သေသည်၊ ရှင်လျှင်လည်း ရှင်သည်ကို သိရအောင် မတွေ့မချင်း လိုက်လံရှာဖွေမှ တော်တော့မည်ဟု မနိုင့်တနိုင် တယိုင်ယိုင်နှင့်ပင် ဓားကိုထမ်း၍ ထိုတောင်မှ ဤတောင်၊ ဤတောင်မှ ထိုတောင် ကူးသန်းသွားလာ ရှာဖွေလေ၏။

ယင်းသို့ ရှာဖွေခဲ့ရာ နွေရာသီဖြစ်သဖြင့် ရေကလည်းရှား အစာကလည်း ပါးလှသောကြောင့် သုံးရက်မျှရှိသောအခါ မောင်ဘချိုသည် အဝတ်တို့မှာ အစုတ်စုတ် အပြတ်ပြတ် လူတစ်ကိုယ်လုံးတွင်လည်း ဖန်ဖြူအထပ်ထပ် အရိုးနှင့်အရေတို့သည် ကပ်လုမတတ်ရှိကာ နဂိုရုပ်ပျက်လျက် သချိုင်းက ထ၍လာသော အသေကောင်ကြီးနှင့်သာ တူနေ၏။ စိတ်ကလည်းနွမ်း၊ လူကလည်းပန်းလျက်၊ လမ်းမှမှန်အောင်မလျှောက်နိုင်ရှိသော်လည်း တွေ့အောင် ရှာမဟဲ့ဟု ခဲသောစိတ်က ဆောင်ကြဉ်းနေသောကြောင့် တစ်နေ့လုံးလုံး တစ်ကုန်းမှ တစ်ကုန်း၊ တစ်တောင်မှ တစ်တောင်မှီကာ တစ်ချက်၊ ဖက်ကာတစ်ကြိမ်၊ လိမ်ကာ တစ်လှည့် နွဲ့ကာတစ်လီ၊ ကသီကရီနှင့် လာခဲ့ရာ ညနေတိုင် သို့ရောက်သောအခါ မည်သို့ပင်အားခဲသော်လည်းမရ၊ ခြေတို့သည် လှမ်း၍မျှမပါ၊ မျက်စိများလည်း ဝါး၍လာကာ မြေသို့ပုံလျက် လဲကျသွားလေ၏။

(ဆက်လက်ဖော်ပြပါမည်)



ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးဘူးဆိုရင်၊ မဖြစ်ချင်တာတွေ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့် ယတြာများ ဆောင်ရွက်ပေးပါသည်။
ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၇

ရောင်းမည်

Nissan AD Van 2007 ပုံပြောင်း TV ပါ၊ အဖြူရောင်၊၆င/၃----ကျော်၊ ပါဝါ၊Window ၂ချပ်၊ မော်ဘီ ပြည်လမ်းဘေး ၁၂ဧကနီးပါး၊ (ခြံမြေ)
ဖုန်း-၀၉၄၂၁၁၀၉၅၀၅

ပါကေး၊ လျှာထိုးပြုပြင်

အရောင်လွင့် ဟောင်းနွမ်းနေသော ကြမ်းခင်းအဟောင်းကို အသစ်စက်စက် ဖြစ်အောင် ပြုပြင်ပေးပါသည်။
ဖုန်း-၀၉-၄၂၁၀၅၀၇၀၆

ဆံတော်ရှင်မြတ်မော်တင် စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ကျင်းပမည်

